မြန်မာ့အလင်း

၁၂၇၅ ခုနှစ်၊ ကဆုန်လပြည့်ဆောင်းသည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၄၉)

အဘိဓေမဟာရဋ္ဌဂုရု
အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသ၏
ဆုံးမသြဝါဒ

သူများမျက်ရည်နှင့် ခြေမဆေးချင်နှင့်၊
သူများကို ဒုက္ခပေးပြီးမှ ရရှိမည့်ချမ်းသာမှုမျိုးကို
လိုချင်သောသူသည် ရန်သူနှင့် ဆက်ဆံနေရသကဲ့သို့
ရန်မှ မလွတ်နိုင်ချေ။

(ဓမ္မပဒ၊ ပကိဏ္ဏကဝဂ်။)

ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်သို့သွားရောက်ပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းဦ တာဝန်ရှိသူ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေတိဂုံစေတီတော်ပြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်ဘက်စုံ မွမ်းမံတည်ဆောက်နေမှုများကိုလည်းကောင်း၊ အရှေ့ဘက်မုခ်ရှိ ဓာတ်လှေကား၊ စောင်းတန်းတစ်လျှောက်၌ မွမ်းမံခြင်းလုပ်ငန်းများနှင့် အရှေ့ဘက်မုခ်ရှိ ဓာတ်လှေကားမှတစ်ဆင့် ဘီးတပ်ကုလားထိုင်ဖြင့် အလွယ်တကူသွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်း၊စဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* နိုင်ငံမာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဧကရီမဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဆောင် တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတက်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဆောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး



ဒေသဖွံ့ဖြိုးတိုးတက်ရေး သယ်ပိုးနေသော နဝဒေးတံတား

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ | ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) | စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်မြို့ မင်းကြီးတောင်ဘက်မှကြည့်လျှင် တသွင်သွင်စီးဆင်းနေသော ဧရာဝတီမြစ်.....။ ဧရာဝတီမြစ်တစ်ဖက်ကမ်း၌ စိမ်းညို့နေသော တန်ကြည်တောင်။ မင်းကြီးတောင်နှင့် တန်ကြည်တောင်ကို ဆက်သွယ်ကာ ဧရာဝတီမြစ်ကို ကျော်လွှားဖြတ်ဖောက်ထားသည့် နဝဒေးတံတား။ အံ့သြဂုဏ်ယူစရာကောင်းသည့် မြန်မာအင်ဂျင်နီယာတို့၏ စွမ်းပကားက လေးစားစရာပင်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၃ ●

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တပ်မတော်အစိုးရလက်ထက် နားလည်မှုနှင့် လက်နက်ကိုင်ဆောင်ခွင့်ပြုထားခြင်းကို နောင်ဖြစ်ပေါ်လာမယ့်အစိုးရလက်ထက်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ လက်နက်ကိုင်ဆောင်ခွင့် တရားဝင်ဖြစ်စေပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ မိမိဒေသ၊ မိမိနယ်မြေနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို ထမ်းဆောင်ခွင့်ရရှိမယ့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် လုပ်ပေးတဲ့ အစီအမံပဲ ဖြစ်ပါတယ်။

အောင်ရှင်း၏ ဆောင်းပါး
စာမျက်နှာ (၈)နှင့်(၉) တွင် ဖတ်ရှုနိုင်ပါသည်။

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၉ ရက်)

စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများ ဖော်ဆောင် ကျန်းမာရေး ရည်မှန်းချက်များ အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုဝေါနိုင်ငံ ခတ္တမန္ဒုမြို့၌ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆၂)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးကို စက်တင်ဘာလ ၇ရက်နေ့မှ ၁၀ရက်နေ့အထိ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တနိုင်နိုင်ငံလုံးအား လွှမ်းခြုံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ဓရိတ်မျှပေးစနစ်ဖြင့်ဆောင်ရွက်၍ ချို့တဲ့နွမ်းပါးသူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ''ကျန်းမာရေးအတွက်အရေးကြီးက ကျော်လွှားနိုင်ရန်ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရ'' ဆောင်ပုဒ်အရ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသည် ၂၀၀၈ခုနှစ် မေလအတွင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကျန်းမာရေးဌာနများ ပျက်စီးခဲ့ရာ ၄င်းအတွေ့အကြုံအပေါ် နမူနာယူ၍ အသစ်ဆောက်လုပ်သည့် ကျန်းမာရေးဌာနများကို မုန်တိုင်းဒဏ်ခံ ခိုလှုံနိုင်သည့် အဆောက်အအုံများအဖြစ် တည်ဆောက်လျက်ရှိသည်။

အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများအတွင်း အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်စဉ်အတွင်း ကျန်းမာရေး ထိခိုက်မှုများမရှိစေရေးနှင့် စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများ ဆောက်လုပ်ရေးနှင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဖြည့်ဆည်းရေးဆိုင်ရာ ခတ္တမန္ဒုကြေညာစာတမ်းကို (၂၇)ကြိမ်မြောက် ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးက ဆွေးနွေးအတည်ပြုသည်။

သို့ဖြစ်ပေရာ ယခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် ကျန်းမာရေးအတွက် အရေးကြီးက ကျော်လွှားနိုင်ရန်ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရဟူသော ရည်မှန်းချက်အတိုင်း ဘေးအန္တရာယ်ကင်းရှင်းသော ကျန်းမာရေးစောင့်ရှောက်မှုနေရာများ အသင့်ရှိနေစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရာတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ယှဉ်တွဲဆောင်ရွက်သွားကြခြင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ကိုပါ ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ် စည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၈

ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ(ပထမအကြိမ်) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမြဲသားကျန်းမာရေးကော်မတီ အစည်းဝေးခန်းမ၌ ကျင်းပရာ ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတာင့်ညွှန့်က အမှာစကားပြောကြားပြီး ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက ဝန်ကြီးဌာနအလိုက် ပုံပိုးကူညီ ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ပိုလ်ချုပ်စိုးနိုင် ဗျာပုံမြို့နယ်ကျေးရွာများမှ ရပ်မိရပ်ဖများအားတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ ၁၃ရက်က ဗျာပုံမြို့နယ် ဂုံညင်းတန်း ကျေးရွာ၌ ဂုံညင်းတန်း၊ ကျုံစုတ်၊ ဇနီးမော်နှင့် ကျုံစီကျေးရွာများမှ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရွာသူရွာသားများနှင့်တွေ့ဆုံပြီး Grand Lotus ကုမ္ပဏီမှ ငှါးငါးသည့် ငွေကျပ် ၁၀၆၀၀၀ ကိုလည်းကောင်း၊ တာဝန်ရှိသူများက အဝတ်အထည်၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးသည် ဗျာပုံမြို့နယ် ကျံတာကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ကျံတာ၊ ရှမ်းကွင်း၊ ကျံပဲနွင့် ဓော်ဝန်းစု ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရွာသူရွာသားများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများက စောင်၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရိုင်အဆင့် သတင်းစာဖတ် ပြိုင်ပွဲကျင်းပ

ကျောက်မဲ စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းခန့်၌ စက်တင်ဘာ၁၇ရက် မွန်းလွဲ ၁နာရီက ခရိုင်အဆင့် သတင်းစာဖတ်ပြိုင်ပွဲကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းဆိုင်ဝီမမ်းက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စက်တင်ဘာ ၅ရက်ထုတ် သတင်းစာမှ ဗဟုသုတဖြစ်ဖွယ်အချက်အလက်များကို ဌာနဆိုင်ရာ ဝန်ထမ်းခြောက်ဦးမှ ပါဝင် ယှဉ်ပြိုင်ဖြေကြားကြသည်။ ပြိုင်ပွဲတွင် ရှမ်မြင်သံကြားထပ်ဆင့်သွှဲစက်ရုံမှတာဝန်ခံ ဦးဆန်းမြင့်က ပထမရရှိပြီး ဒုတိယနှင့် တတိယဆုများကို ပညာရေးက ရရှိခဲ့ကာ ဆုများကို ခရိုင်ဦးစီးအရာရှိက ချီးမြှင့်ပေးအပ်သည်။(အဝေါ်ဝံပုံ)(မြို့နယ် မြန်/ဆက်)

လျှိုင်လင်ခရိုင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် DTH စလောင်း၊ သတင်းစာနှင့် စာအုပ်စာစောင်များလျှူဒါန်း

လျှိုင်လင် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လျှိုင်လင်ခရိုင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် DTH စလောင်း၊ သတင်းစာနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို သြဂုတ် ၂၄ရက်က လျှိုင်လင်ခရိုင် မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (e-Library) နန်းခန့်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက အမှာစကားပြောကြားပြီး ပြည်နယ်မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေမေဇော် ကျေးရွာစာကြည့်တိုက်များ စာငှားစနစ်နှင့် စာကြည့်တိုက်များ ရရှေ့ရည်တည်တဲ့ နိုင်မြေရေတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် DTH စလောင်း၊ သတင်းစာ၊ စာအုပ်စာစောင်များပေးအပ်ခဲ့ကျင်းပရာ ပထမဦးစွာ ကျေးရွာစာကြည့်တိုက်များအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော သတင်းစာများကို ခရိုင်ဥက္ကဋ္ဌက တောင်နောက်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘသေးအားလည်းကောင်း၊ နောင်ပူးကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို ပြည်နယ်ဦးစီးမှူး ဒေါ်မေမေနိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းအားလည်းကောင်း(ဝဲဝဲ)၊ DTH စလောင်းကို လျှိုင်လင်မြို့နယ် အသင်းအတွင်းရေးမှူး ဦးမျိုးမင်းဆောင်က နောင်ပူးကျေးရွာဥက္ကဋ္ဌ ဦးစံသြအားလည်းကောင်း၊ စာအုပ်စာစောင်များကို ခရိုင်ဦးစီးအရာရှိ ဦးဆောင်ဝင်းက ကွက်ချိကျေးရွာဥက္ကဋ္ဌ ဦးထပ်ဆိုင်းတို့အား ပေးအပ်ခဲ့သည်။ (ပြည်နယ် မြန်/ဆက်)

ချောက်မြို့နယ်ဝင်းသာယာရေးအဖွဲ့ ပျိုးဉယျာဥ်တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို ဧကျေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးမိုးသန်းက ပျိုးပင်များပြုပျိုးထောင်ထားမှုတို့ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၉-၉-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ တရားတော်
၇း၁၀ ၃။ ဓမ္မပုဒ်ဆောင်း
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံဓမ္မတိမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိန်းဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုးအကာအရေးအတီးပြိုင်ပွဲ အဆီအဆုံ**
၇း၅၀ ၈။ သာယာသီကြွေတော်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဏ္ဍ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဏ္ဍ

ဧရေယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့် ဘဲရဝ်ဆိုး** (အပိုင်း-၇)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်သံပေါ်ကရုပ်ရှင် **တကယ်ခွေးတွေ့ခဲတယ်** ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၃း၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၇။ ရုသစုံလင်ရုပ်မြင်စာတ်လမ်း **အချစ်ရဲ့ဆွဲအား**(အပိုင်း-၂၅)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူရဲတို့ဘုယ်ခွဲ
၄း၂၀ ၄။ မြန်မာသံစဉ်ချိန်းဆင်
၄း၃၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၅ ၆။ အမျိုးသားရေးတေးကဏ္ဍ
၄း၄၅ ၇။ သာယာသီကြွေတော်ဆန်းတေး
၅း၀၀ ၈။ မျော်လွှင့်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ အမျိုးသားရေးတေးကဏ္ဍ
၆း၂၅ ၁၁။ လှပ်တစ်ပြက်
၆း၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
၆း၄၅ ၁၃။ ထုးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၄။ ရုသစုံလင်ရုပ်မြင်စာတ်လမ်း **မြားနတ်ဖယ်လေးရဲ့ချစ်သံစဉ်** (အပိုင်း-၂၀)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေသသတင်း
၁၈။ အမျိုးသားရေးတေးကဏ္ဍ
၁၉။ လူရွင်တော်စကား
၂၀။ အင်္ဂလိပ်စာသုတ (English Usage)
၂၁။ ယန္တရားတွက် မြဝတီ၏ တေးလက်ဆောင် (၄၅)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆန့် ဂုဏ်ပြုဇာတ်လမ်း **နတ်ဝိညာဉ်စစ်ဆင်ရေး** (အပိုင်း-၁)

ကြည့်ရှုစစ်ဆေး

စက်တင်ဘာ ၁၇ ရက်က ရွှေတိဂုံဓေတီတော် ဘက်စုံမြူခြေမှမိုးမဲတည်ဆောက်ရေး ဦးစီးကော်မတီနာယက ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေတိဂုံဓေတီတော်မြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက် ဘက်စုံမှမိုးမဲတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့မုံ၅) (သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(၃) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်စေရေး၊

(၄) အမျိုးသား ယဉ်ကျေးမှု စရိုက် လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်း စောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပထမအကြိမ်အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် စက်တင်ဘာ ၁၀ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

မြန်လည်ပေးအပ်

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုဒိုးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ဥေနှင့် တာဝန်ရှိသူတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို မြန်လည်ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၀ ရက်က (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်ထံ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့အသံ အင်တာနက် ကျန်းမာရေး

အသားအရေလှုပစေသည့်သစ္စားသီး

သစ္စားသီးအသားတွင် ရေဓာတ်၊ ပါဝင်ဓာတ်မဂ္ဂ၊ အက်စကောစစ်အက်စစ် (ဗီတာမင်-စီ)နှင့် ကက်ဒီအင်နှစ် အက်စစ်နှစ်မျိုးစလုံး ပါဝင်သည့်အတွက် အရေပြားစပ်ဖျင်းဖျင်း ဖြစ်စေကို သက်သာစေသည့်အပြင် ရောင်ရမ်းခြင်းကိုလည်း လျော့နည်းစေသည်။

အကျိုးအာနိသင်

သစ္စားသီးအစွံမှာလည်း အဆားမျှင်များပါဝင်သည့်အပြင် ဆီလီကာဓိတက်ဇီယမ်၊ မင်္ဂဂနိစ်အပါအဝင်အကျိုးအာနိသင်ကောင်းမွန်သည့် သတ္တုဓာတ်အများအပြားပါဝင်သည်။

အကျိုးဝင်

သစ္စားသီးခွံပါသည့် ဆီလီကာသည် ကျန်းမာသောကလယ်စည်းစုတ်၏ ဂုဏ်အသောအဓိတ်အဓိပ်ဝင်တစ်ခုဖြစ်သည်။ ယင်းကလယ်စည်းစုတွင် ကြွက်သားများ၊ ကြွက်သားမှန်းအွတ်များ၊ ရိုးဆက်အွတ်များ၊ အရိုးနှုန့်အရိုးတို့ အကျိုးဝင်သည်။

အသားအရေချောမွေ့လှပစေရန် သစ္စားရည်ကို မကြာခဏ ညှစ်ယူလျက်သည်။

ဥတုရာသီ တောကိုမှီ၏

ဒေါပုံ၌ ပုံပြောပြိုင်

ရန်ကုန် စက်တင်ဘာ ၁၈

ဒေါပုံမြို့နယ် မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းတို့ ပူးပေါင်း၍ စက်တင်ဘာ၁၀ရက်က အဆိုပါကျောင်း၌ ပုံပြောပြိုင်ပွဲကျင်းပရာ မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွှန့်တာမြို့နယ် ဦးစီးမှူး ဒေါ်မြင့်ဆေး၊ တောင်ဥက္ကလာပမြို့နယ် ဦးစီးမှူးဒေါ်ရီရီရိန်နဲ့၊ မင်္ဂလာတောင်ညွှန့်မြို့နယ် ဦးစီးမှူးဒေါ်စစ်ဇေလကျော်၊ မြို့နယ်ပညာရေးမှူးဒေါ်သိဂီနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပုံပြောပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်သိဂီက ပထမဆုရရှိသူ မောင်လင်းထက်ဦးအား ဆုဆီးမြှင့်သည်။

(အမေါ်ပုံ) (မြို့နယ် မြန်/ဆက်)

ကျောင်းနေကလေးသူငယ်များနှင့် လူငယ်လူရွယ်များ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါမဖြစ်ပွားရေး သတိပေးနှိုးဆော်ချက်

ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ-

ကျောင်းပရဝဏ်နှင့် စာသင်ခန်းများ

- ကျောင်းပရဝဏ် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် စာသင်ခန်းများ လေဝင်လေထွက်ကောင်းမွန်ရေးကို ဂရုပြုဆောင်ရွက်ခြင်း၊
- အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊
- ကျောင်းသား ကျောင်းသူများ မကြာခဏလက်ဆေးနိုင်ရေးအတွက် ရေနှင့်ဆပ်ပြာကို စီစဉ်ဆောင်ရွက်ထားခြင်း၊ တတ်နိုင်ပါက အရက်ပြန်နှင့် ၎ပမာကိုစီစဉ်ပေးခြင်း၊
- စာသင်ခန်းများ၊ စာသင်ခုနှင့် ထိုင်ခုံများ၊ တံခါးလက်ကိုင်များ၊ လှေကားလက်ရန်း၊ ကျောင်းတွင်းပရိဘောဂများ၊ ပြတင်းပေါက်များ၊ ခန်းဆီးများ၊ တယ်လီဖုန်းနှင့် ကျောင်းရှိလူအသုံးအဆောင်ပစ္စည်းများကို အနည်းဆုံး တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ ပိုးသန့်စင်ခြင်း။

စက်တင်ဘာ ၁၇ရက်က မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်း ဦးဆောင်သည့် ၁၅ဦးပါအဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီ၊ မဒရပ်နှင့် ချင်နိုင်း(Chennai) မြို့များ၌ ပေါင်းဆန်ထုတ်လုပ်ရေး၊ နည်းပညာလေ့လာရေးနှင့် စက်ကိရိယာများ ဝယ်ယူရေးတို့အတွက် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းအေးဇေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အီရန်နျူကလီးယားကိစ္စ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးမည် မဟုတ်ဟုဆို

တီဟီရန် စက်တင်ဘာ ၁၈

အီရန်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဓိကဝီးတိုးအဖွဲ့ဝင်ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သည် အီရန်နျူကလီးယားဆိုင်ရာ ကိစ္စရပ်များကို အောက်တိုဘာ ၁ရက်၌ နောက်ဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

အောက်တိုဘာ ၁ရက်တွင် ကျင်းပမည့်ဆွေးနွေးပွဲ၌ အီရန်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဓိကဝီးတိုးအဖွဲ့ဝင် ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့နှင့်သာ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးမည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက စက်တင်ဘာ ၁၆ရက်၌ သတင်းထောက်များအား ပြောကြားသည်။

တက်ရောက်

ယခုအချိန်အထိ ဆွေးနွေးပွဲကျင်းပမည့်နေရာကို အတိအကျမသတ်မှတ်ရသေးသည်ကို အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက သတိပြုမိကြောင်း၊ သို့သော် အစောပိုင်းကာလက အီးယူနိုင်ငံခြားရေးရာ အကြီးအကဲ ဂျာဒါဆိုလာနာကမူ တူရကီနိုင်ငံတွင် ကျင်းပလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း၊ ယင်းသတင်းတွင်ပါရှိသည်။ အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်မှ တက်ယသံတမန်အဆင့်ရှိသူ နိုင်ငံခြားရေးရာလက်ထောက်ဝန်ကြီး ဒီလီယံဘန်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ယီဟိုင်းစောင်စက်ရုံ

တရုတ်နိုင်ငံ ဟေနန်ပြည်နယ် တောင်ပိုင်းရှိ ယီဟိုင်းစောင်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနပြုလုပ်ငန်း တရုတ်ခွင့် ကော်စတာရီကာ ပူးပေါင်းဆောင်ရွက်မည်

ဆန်ဟိုဆေး စက်တင်ဘာ ၁၈

သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနပြုလုပ်ငန်းများတွင် တရုတ်နှင့် ကော်စတာရီကာနိုင်ငံတို့သည် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နေကို စက်တင်ဘာ ၁၇ရက်က နားလည်မှုစာချုပ်လွှာလက်မှတ်ရေးထိုးရန် သဘောတူညီကြောင်း သက်ဆိုင်ရာရုံးအဖွဲ့က ပြောကြားသည်။

သဘောတူညီ

အဆိုပါ နှစ်နိုင်ငံ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ယခင်နှစ်တွင် ကော်စတာရီကာနိုင်ငံမှ အမျိုးသား ဓိဝမျိုးကွဲဌာန (ဆိုင်ဆင်ဒီဘိုဆိုင်ဆို)နှင့် တရုတ်နိုင်ငံမှ သိပ္ပံနှင့်နည်းပညာတက္ကသိုလ် (ဇီအေအက်စ်)တို့က ဆန့်ပိုဆောမြို့၌ သဘောတူညီပြီးဖြစ်ကာ ယခုနှစ်တွင် အတူတကွစတင်ပူးပေါင်း လုပ်ဆောင်မည်ဖြစ်သည်။

တိုးမြှင့်ဆောင်ရွက်

ယင်းသဘောတူညီမှုတွင် ၎င်းနှစ်နိုင်ငံမှ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်ချက်များကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့အရပ်အရှည်ဆုံးလူသား

လန်ဒန် စက်တင်ဘာ ၁၈

၂၀၁၀ကမ္ဘာ့ဂင်းနက်စ်စံ မှတ်တမ်းစာအုပ်ကြီးတွင် ထည့်သွင်းနိုင်ရန်အတွက် ဂင်းနက်စ်စံမှတ်တမ်းတင်ပြိုင်ပွဲကြီးကို လန်ဒန်မြို့၌ စက်တင်ဘာ ၁၇ရက်က ကျင်းပခဲ့ရာ တူရကီနိုင်ငံမှ ဆူလ်တန်ကိုဆန်ဆိုသော အမျိုးသားတစ်ဦးသည် ကမ္ဘာ့အရပ်အရှည်ဆုံး လူသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ခဲ့သည်။ (အပေါ်ပုံ)

ကြိုးစား

ဆူလ်တန်ကိုဆန်၏အရပ်အရှည်မှာ ၈လေးနှစ်သလက်မရှိသည်။ ၎င်းသည် ကမ္ဘာ့အရှည်ဆုံးလက်နှင့် ကမ္ဘာ့အရှည်ဆုံး ခြေထောက်ပိုင်ဆိုင်သူအဖြစ်လည်း ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးစားခဲ့သည်။ ယခင် ကမ္ဘာ့အရပ်အရှည်ဆုံးလူသားအဖြစ် တရုတ်နိုင်ငံမှ အသက် ၂၇ နှစ်ရှိ ကျိုလင်းဆိုသူက အရပ်အရှည် ၈လ နှင့် ၀ဒသမ၇လက်မရှိ စံချိန်တင်ထားသည်။ (အင်တာနက်)

အာရှ-အာဖရိက ယဉ်ကျေးမှုပွဲတော် အင်ဒိုနီးရှား လက်ခံကျင်းပမည်

ဂျကာတာ စက်တင်ဘာ ၁၈

အာရှ-အာဖရိကနိုင်ငံများမှ ကလေးငယ်များ၏ အနုပညာနှင့်ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဩဂိုနှင်းနိုင်ငံအဖြစ် ဒီဇင်ဘာ ၁၄ရက်မှ စတင်ကာ နှစ်ရက်ကြာ လက်ခံကျင်းပမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ရက်တွင် ဒေသဆိုင်ရာမီဒီယာက သတင်းထုတ်ပြန်သည်။

ဗီစာထုတ်ပေးမည်

အဆိုပါ ပွဲတော်၌ အာရှ-အာဖရိက နိုင်ငံပေါင်း ၂၅နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ပြီး မူလတန်းအဆင့်ရှိ ကလေးငယ်များအား ဖိတ်ခေါ်ထားရှိကာ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းမှ ပွဲပြိုး တိုးတက်ရေးလုပ့်ဆော်သည့်ပွဲတော်လည်း ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တင်ဆက်ပြသ

အဆိုပါ ပွဲတော်၌အာရှ-အာဖရိက နိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှု ကဏ္ဍမြှင့်တင်ရေးနှင့် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရေးတွင် အနုပညာ၊ ယဉ်ကျေးမှု၊ အားကစား နှင့် မိုးရာပုံပြင် စသည်တို့ကို တင်ဆက် ပြသမည်ဖြစ်သည်။ (အင်တာနက်)

ဘရာဇီးတွင် A (H1N1)ရောဂါကြောင့် သေဆုံးသူ ၈၉၉ဦးအထိရှိ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၈

ဘရာဇီးနိုင်ငံတွင် A (H1N1)ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၈၉၉ဦးအထိမြင့်တက်လာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက တရားဝင် ကြေညာသည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာ ပေါ်တွင် A (H1N1)ရောဂါကြောင့် သေဆုံးသူအရေအတွက် အများဆုံးနိုင်ငံ ဖြစ်သည်ဟု ဆိုသည်။

အများဆုံး

ဘရာဇီးနိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် အဆိုပါရောဂါကြောင့် သေဆုံးသူဦးရေ အများဆုံးဖြစ်သည်။

သိရ

ဧပြေလမှ စတင်ကာ ဘရာဇီးနိုင်ငံတွင် A(H1N1)ရောဂါဖြစ်ပွားသူ ၉၂၄၃၉ ဦးရှိပြီး ၄င်းတို့အနက် ၃၅၂၁ဦးမှာ အမျိုးသမီးများဖြစ်ကြောင်းနှင့် ၈၅၆ဦးမှာ ကိုယ်ဝန်ဆောင်များဖြစ်ကြောင်းသိရသည်။ (အင်တာနက်)



ဆေးစွဲသူများ ဆေးဖြတ်သည့်စခန်း ပစ်ခတ်မှု မက္ကဆီကို၌ ဖြစ်ပွား၍ ၁၀ဦးသေဆုံး

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၈

မက္ကဆီကိုနိုင်ငံရှိ မူးယစ်ဆေးစွဲသူများ ဆေးဖြတ်သည့်စခန်းတစ်ခုသို့ စက်တင်ဘာ ၁၅ရက်က သေနတ်သမားများ ဝင်ရောက် ပစ်ခတ်မှုကြောင့် ၁၀ ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ပြောကြား

ယင်းဖြစ်ပွားမှုမှာ ဗီဒက်ဂျရက်ခ်မြို့ရှိ ဆေးရုံတစ်ရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဆေးရုံတွင် မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးဖြတ်ရန်အတွက် ကာကွယ်ဓောင့်ရှောက်ထားစဉ် အခြား မူးယစ်ဓောင်နှိုက်ထားတစ်ဂိုက်မှ လာရောက် ပစ်ခတ် သတ်ဖြတ်ခြင်းခံရသည်ဟု ယုဆ ကြောင်း ဗီဒက်ဂျရက်ခ်မြို့ အုပ်ချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

သေဆုံး

ယခုနှစ်အတွင်း အမေရိကန်နှင့် နယ်စပ်မြို့ဖြစ်သည့် ဗီဒက်ဂျရက်ခ်မြို့တွင် မူးယစ်ဓောင်နှိုက်ထားအရေးချင်း ကိုက်ခိုက်မှုများကြောင့် လူ ၁၄၀ကျော် သေဆုံးခဲ့ရသည်။

တပ်ဖြန့်ချထား

မက္ကဆီကို အစိုးရအနေဖြင့် လည်း မူးယစ်ဂိုဏ်းများအား နှိမ်နင်းရန်အတွက် ဗီဒက်ဂျရက်ခ်မြို့ရှိ ရဲတပ်ဖွဲ့ဝင်နှင့် မက္ကဆီကိုတပ်ဖွဲ့ဝင် ထောင်နှင့်ချီကာ တိုးမြှင့်တပ်ဖြန့်ချထားကြောင်း သိရသည်။ (အင်တာနက်)

ရွှေဖရုံသီးမိကျောင်း

ဂျာမနီနိုင်ငံတောင်ပိုင်း ဖယ်ကစ်ရစ်ချ်ဟာသမ်ဖြို့တွင် ရာနှင့်ချီသော ရွှေဖရုံသီးများဖြင့် မိကျောင်းပုံ ဖော်ထားသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကားပုံးပေါက်ကွဲ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကားပုံးပေါက်ကွဲမှုဖြစ်ပွားပြီး နောက် အပျက်အစီးများကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (ယင်း ဖြစ်စဉ်တွင် ခြောက်ဦး သေဆုံးပြီး ၃၉ ဦး ဒဏ်ရာရရှိခဲ့သည်) (အင်တာနက်ဓာတ်ပုံ)

တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယား သုံးနိုင်ငံ ထိပ်သီးအစည်းအဝေး ကျင်းပမည်

ဆိုးလ် စက်တင်ဘာ ၁၈

တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်သည် တရုတ်ဝန်ကြီးချုပ်ဝင်ခန့် ဂျပန်ဝန်ကြီးချုပ်သစ် ယူကီအိုဟာတိုယာမာတို့နှင့် တွေ့ဆုံဆွေးနွေးရန်အတွက် လာမည့်လတွင် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယား သတင်းဌာနက ဖော်ပြသည်။

အဆိုပါသုံးနိုင်ငံ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာ ၈ရက်မှ ၁၀ရက်အထိ ကျင်းပရန် စီစဉ်ထားကြောင်းနှင့် သုံးနိုင်ငံ ခေါင်းဆောင်များအနေဖြင့် ယင်း အစည်းအဝေးတွင် လက်ရှိလုပ်ခြံရေးနှင့် စီးပွားရေး အခြေအနေ အပါအဝင် ဒေသတွင်းပြဿနာများအပေါ် ဆွေးနွေးသွားမည်ဖြစ်သည်ဟု အမည်မဖော်လိုသူ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကျင်းပ

အဆိုပါဆွေးနွေးပွဲသည် ဂျပန်ဝန်ကြီးချုပ်သစ်အတွက် ပထမဆုံး တွေ့ဆုံဆွေးနွေးပွဲဖြစ်မည်ဟုလည်း တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားသုံးနိုင်ငံ ခေါင်းဆောင်များသည် အလားတူ ထိပ်သီးအစည်းအဝေး ပွဲကို ဧပြေလအတွင်းကလည်း ကျင်းပခဲ့သည်ဟု သိရသည်။ (အင်တာနက်)

ကင်ညာ၌ ကျောင်းသူ ၂၀ A(H1N1) တုပ်ကွေး ကူးစက်ခံရ

နိုင်ရိုဘီ စက်တင်ဘာ ၁၈

ကင်ညာနိုင်ငံအတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသူ ၂၀ခန့်မှာ A(H1N1)ကူးစက်ခံရကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကျောင်းသူများအား ဆေးဝါးကုသပေးလျက်ရှိပြီး ရောဂါကူးစက်စေရန် သီးသန့်ခွဲထားကြောင်း၊ ၄င်းတို့မှာ မည်သည့်နေရာမှ ကူးစက်သည်ကို အတိအကျမသိရသော်လည်း ဩဂုတ်လ ကျောင်းပိတ်ရက်များအပြီးတွင် ရောဂါကူးစက်ခံရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘတ်မူရို က ပြောကြားသည်။

ရောဂါပိုး ထပ်မံကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျောင်းသူများ၏ မိသားစုဝင်များနှင့် သူငယ်ချင်းများအား နောက်ဝဝရက်ကြာအထိ ဓောင့်ကြည့်မှုများ ပြုလုပ်ရဦးမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

တိုး - စုစည်းတင်ပြသည်

တရုတ်ပြည်၏ အောင်မြင်မှုများ ဟင်နရီကစ်ဆင်ဂျာ ချီးကျူး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့် အကြိမ်(၆၀)မြောက် နှစ်ပတ်လည် အခါသမယတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာက စက်တင်ဘာ ၁၈ရက်၌ ကြိုဆိုနှုတ်ဆက်လိုက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောင်မြင်မှုများကို ချီးကျူးစကားကြားလိုက်သည်။

ပြောင်းရွှေ့နေထိုင်မှုဆိုင်ရာတူညီသောမူဝါဒ လက်တင်အမေရိကနိုင်ငံများကြိုးပမ်းမည်

ဦးဇွေဒေါ်နိုင်ငံ ဇွီတ်ဖြို့၌ စက်တင်ဘာ ၂၁ရက်နှင့် ၂၂ရက်တွင် ပြုလုပ်မည့် ပြောင်းရွှေ့နေထိုင်မှုဆိုင်ရာ ဘောင်အမေရိကသီလာခံသည် လက်တင်အမေရိကနိုင်ငံများမှ ဒေသတွင်းရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ တူညီသောမူဝါဒတစ်ရပ် ချမှတ်ကျင့်သုံးနိုင်ရေးကြိုးပမ်းကြမည်ဟု ဦးဇွေဒေါ်ဝန်ကြီး အက်စတာဂါရိုက စက်တင်ဘာ ၁၈ရက်၌ ထုတ်ဖော်ပြောဆိုသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း မလေးရှား၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမထိခိုက်

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက မလေးရှားနိုင်ငံ၏ တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၀ခုနှစ်အတွင်း ထိခိုက် ခိုက်တ်ခြင်းမရှိသလောက် ဖြစ်ရကြောင်း ကုလသမဂ္ဂ၏ နှစ်တက်လည် သုံးသပ်ချက်တွင် စက်တင်ဘာ ၁၈ရက်က ဖော်ပြသည်။

ပြင်သစ်၊ ရိုမေနီးယားနှင့် ဘော့ဆွာနာ၌ ကျူးဘားသံအမတ်သစ်များခန့်အပ်

ကျူးဘားနိုင်ငံက ပြင်သစ်၊ ရိုမေနီးယားနှင့် ဘော့ဆွာနာနိုင်ငံများဆိုင်ရာ ကျူးဘား သံအမတ်သစ်များကို ခန့်အပ်လိုက်ကြောင်း ကျူးဘားသတင်းစာများက စက်တင်ဘာ ၁၈ ရက်တွင် ဖော်ပြသည်။

ပင်နိုင်္ဂလား၌ ယာဉ်တိုက်မှုဖြစ် ရှစ်ဦးသေဆုံးပြီး ၁၀၀ခန့် အဆိပ်သင့်

ပင်နိုင်္ဂလားနိုင်ငံအရှေ့ပိုင်း၌ တနင်္ဂနွေညက ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် ကလိုရင်းဓာတ်ငွေ့သယ်ပို့သည့် မော်တော်ယာဉ်တစ်စီးတို့ မတော်တဆတိုက်မိရာတွင် အနည်းဆုံး ယူရှစ်ဦးသေဆုံးပြီး လူ ၁၀၀ခန့် အဆိပ်သင့်ခဲ့ကြောင်း ဖုတပ်ဖွဲ့က စက်တင်ဘာ ၁၈ရက်၌ ကြေညာသည်။ (ဆောက်ပုံ)

ဘရာဇီးကမ်းလွှန်မှ ရေနုံများထပ်မံတွေ့ရှိ

ဘရာဇီးနိုင်ငံအရှေ့ဘောင်ကမ်းလွှန်ဒေသရှိ အထွက်အမှတ် ဘီအမ်-အက်စ်-၇မ ရေနုံများ ထပ်မံတွေ့ရှိထားကြောင်း ဘရာဇီးနိုင်ငံပိုင် ပက်ထရိုဘရာလ်ရေနုံနှင့် ဓာတ်ငွေ့ ကုမ္ပဏီက စက်တင်ဘာ ၁၈ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပါကစ္စတန်၌ ကားနစ်စီးခေါင်းချင်းဆိုင်တိုက်မိ အနည်းဆုံး ၁၅ဦးသေဆုံး လူ ၃၀ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် အက်ဇာကြို့တွင် ခရီးသည်တင်ကားတစ်စီးနှင့် အခြားကားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိပြီးနောက် အနည်းဆုံး ၁၅ဦးသေဆုံးပြီး လူ ၃၀ဒဏ်ရာရရှိသွားကြောင်း ပါကစ္စတန်မီဒီယာများက စက်တင်ဘာ ၁၈ရက်၌ ဖော်ပြသည်။ (ဆောက်ပုံ)

● ရွှေဖုံမှ

ထူးခြား

ကမ္ဘာတွင် မြန်မာနိုင်ငံ၏ ပထဝီအနေအထားက အထူးခြားဆုံးဟုဆိုရလောက်သည်။ နိုင်ငံ၏ အလယ်တည်တည်၌ ရောဝတီမြစ်ကြီးက တန်နှစ်ပတ်လုံး စီးဆင်းနေသည်မှာ နှစ်ပေါင်းရာဆောင်ချီခဲ့ပြီ။ နိုင်ငံဖွဲ့ဖြိုးရေးအတွက် ဧရာဝတီမြစ်ကိုနေရာပေါင်းများစွာ ဖြတ်ကျော်ရန်အတွက်လည်း တံတားကြီးများကို တည်ဆောက်ခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေး ဟန်ချက်ညီမှု ဒေသဖွံ့ဖြိုးတိုးတက်ရေး တစ်ပြေးညီမညီဖြစ်ပေရာ နိုင်ငံတော်က ဤကြောင်းကုန်ကျခံကာ မြစ်ကူးတံတားကြီးများ နိုင်ငံတစ်ဝန်း တည်ဆောက်ပေးခဲ့ပေသည်။

"တံတားကြီးကြောင့် အခုလို သယ်ယူပို့ဆောင်ပေးနိုင်တာပေါ့"
ဦးဘိုလွင်
ယာဉ်မောင်း
၃၁၂စီဝင်-ပြည်။

စတင်တည်ဆောက်

ပြည်ဖြို့ မင်းကြီးတောင် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တန်ကြည့်တောင်ကြားမြစ်ပြင်သည် ဤသော်၌ ရောဝတီမြစ်၏ အကျဉ်းဆုံးအပိုင်းဖြစ်သည်။ ထိုအပြင် မြစ်ကြမဲပိုင်းမြေအနေအထား အမာဆုံးဖြစ်သည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဒဂုံရွာနှစ်ခုနှစ် မတ်ရက်၌ နဝဒေးတံတားကို စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဗီဇီးစံ

မြန်မာအင်ဂျင်နီယာများ၏ အစွမ်းနှင့် နိုင်ငံတော်ကလည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သဖြင့် ၁၉၉၇ခုနှစ် ဩဂုတ်၃၁ရက်၌ တံတားတည်ဆောက်ရေးလုပ်ငန်းများပြီးစီးခဲ့ပြီး ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁ရက်၌ နဝဒေးတံတားကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပေသည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ခြင်းတို့၏ မှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

လမ်းပွင့်

နဝဒေးတံတားကို တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် ရန်ကုန်မှ ရခိုင်ပြည်နယ် အထိမော်တော်ယာဉ်များ တောက်လျှောက် သွားလာနိုင်ရန် လမ်းမှင့်သွားခဲ့သကဲ့သို့ ဥသျစပ်မှတစ်ဆင့် မင်္ဂလာတိုင်းသို့လည်း မော်တော်ကားလမ်းပေါက်ခဲ့သည်။ တစ်ဖြိုန်က ပြည်တစ်ဖက်ကမ်းသို့ သင်္ဘော၊ စက်လေ့၊ ကုန်တို့ကဲ့များဖြင့် အန္တရာယ်ကြားမှ အချိန်ကုန်လူပန်း သွားလာခဲ့ရမှုများကား အိပ်မက်သဖွယ် ဖြစ်ခဲ့ချေပြီ။

အတိုင်းအတာ

နဝဒေးတံတားပေါ်သို့ လမ်းလျှောက် ဖြတ်သန်းရင်း အရှည် ၁၂၇၅မီတာနှင့် မော်တော်ယာဉ်သွားလမ်း အကျယ် ၈၁၁ မ ၅၅မီတာရှိသောတံတားကြီး၏ တင့်တယ်မှုကို အမှတ်တရဖြစ်ရသည်။ တံတား တစ်ဖက်တစ်ချက် လူသွားလမ်း အကျယ်မှာ ၁၁၁မ၅၀မီတာရှိသဖြင့် မြစ်ပြင်ကမ္ဘာ့ဖြတ်သန်းတိုက်ခတ်လာသော လေနှေးကို ရှုရှုကြိုက်ရင်း ဆေးဆေးလူလူလမ်းလျှောက် ရှိရသည်။

အမြင့်

နဝဒေးတံတားပေါ် လမ်းလျှောက်ရင်း ရုတ်တရက် အောက်သို့ငုံကြည့်လိုက်မိရာ ရင်ထဲဆေးခနဲ ဖြစ်သွားလောက်အောင် မြင့်မားမှုအဋ္ဌေးအသက်ကို ခံစားလိုက်ရသည်။ တံတားအောက် ကင်းလွတ်နယ်မြေအကျယ်မှာ မီတာ၁၁၀ ရှိပြီး အမြင့်မှာ ၁၇ ဒသမ ၄မီတာရှိကြောင်း သိရသည်။ တံတား၊အပေါ်ထည်မှာ သဲပေါင်တံတားမြစ်ပြီး တံတားအောက်ထည်မှာ သံကုကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်ကိုလည်း တွေ့ရသည်။ နဝဒေးတံတား၏ ခွင့်ပြုတန်အလေးချိန်ကို တန် ၆၀။

အကျိုးကျေးဇူး

နဝဒေးတံတား တည်ဆောက်ပြီးစီးခဲ့သည်မှာ ၁၂နှစ်ပြည့်ခဲ့ပြီ။ ၁၂နှစ်တာကာလအတွင်း ပြည်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ်အထိ ကားကြီး၊ ကားငယ် အသွယ်သွယ်တို့ နဝဒေးတံတားပေါ်မှ ဖြတ်သန်း သွားရောက်နိုင်ခဲ့ကြပြီဖြစ်သည်။ ပြည်မြို့တစ်ဖက်ကမ်း ရောဝတီမြစ်၏ အရှေ့ဘက်ခြမ်းဒေသများ စည်ပင်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။ ခရီးသွားလာရေးနှင့် ကုန်စည်ဆီးဆင်းရေးသည်လည်း အချိန်တိုအတွင်း ရောက်ရှိလျင်မြန်ခဲ့လေပြီ။ နဝဒေးတံတား၏ အကျိုးကား အတိုင်းအဆဆုံစွာ ဖြစ်ထွန်းခဲ့ပေပြီ။

ဝမ်းသာ

နဝဒေးတံတားပေါ် လမ်းလျှောက်ရင်း တံတားတစ်ဖက်ထိပ်တွင် ဧရာဝတီ အစောဖြစ်သို့ တံတားကိုဖြတ်ကာ ပြည်မြို့ဘက်သို့ မောင်းဝင်လာသောခရီးသည်နှင့် ကုန်တင်ကားတစ်စီးက အနားတွင် ရပ်တန့်လာသဖြင့် ယာဉ်မောင်းအား မေးမြန်းကြည့်ရာ "ကျွန်တော်နာမည်က ဦးဘိုလွင်ပါ။ ဥသျစပ်ရွာကနေပြီး ကုန်နဲ့ခရီးသည်တွေတင်လာတာပါ။ နဝဒေးတံတားကြီးကြောင့် အခုလိုသယ်ယူပို့ဆောင်ပေးနိုင်တာပေါ့။ တံတားပေါ် ဖြတ်မောင်းတိုင်း အမြဲကျေးဇူးတင်ရပါတယ်"ဟု ပြောပြသွားသည်။

နဝဒေးတံတားကား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပိုင်ခဲ့ထည်စွာရပ်တည်ရင်း နောင်နှစ်ပေါင်းများစွာ အကျိုးပြုပေးနေဦးမှာဖြစ်ပါကြောင်း နဝဒေးတံတားပေါ် ခြေခိုရပ်ရင်း ကိုယ်တိုင်ကြည့်နေခံစားနေမိတော့သည်။ ။ **(မြန်မာ့အသံ)**

နဝဒေးတံတားကား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် ကြိုးပိုင်ခဲ့ထည်စွာရပ်တည်ရင်း နောင်နှစ်ပေါင်းများစွာ အကျိုးပြုပေးနေဦးမှာဖြစ်။

ငါးသိုင်းချောင်းမြို့နယ်အသင်း(ရန်ကုန်) တတိယအကြိမ် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြို့တွင် နေထိုင်ကြသော ငါးသိုင်းချောင်းမြို့နယ်အသင်း၏ မိသားစုဝင် အသက်(၈၀)နှင့်အထက် အတိုးအထွားသက်ကြီးပူဇော်ပွဲနှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် အဆင့်ဝင်ပညာအထက်တန်းကို တက်ဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဆောက်တိုဘာ ၃၀ရက် (စနေနေ့) နံနက် ၉နာရီမှစ၍ စမ်းချောင်းမြို့နယ် ဗားဂရာလမ်း ဦးဘိုးဆောင်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ အပူဓမ်ဒဲ အဘိုးအတွားများစာရင်း၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများစာရင်းနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဖုန်း-၃၈၁၉၄၇၊ ၅၄၃၂၅၅၊ ၀၉-၅၀-၂၄၃၁၊ ၅၁၈၃၂၇ နှင့် ဂုဝ၅၀၅၆၈တို့သို့ ဆက်သွယ်နိုင်ကြောင်း နှင့် အသင်းဝင်မိသားစုများ တက်ရောက်ကြရန် ဖိတ်ကြားနိုင်းဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အသံ)**

ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲနှင့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

အားကစားနှင့်ကယာပညာဦးစီးဌာနနှင့် မြန်မာနိုင်ငစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် (၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းစစ်တုရင်ပြိုင်ပွဲကို လာမည့်ဩက်တိုဘာ ၂၅ရက်မှ နိုဝင်ဘာ ၈ရက်အထိ ဆောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာစစ်တုရင်အသင်းလိုက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာစစ်တုရင်အသင်းလိုက်ပြိုင်ပွဲ၊ လူငယ်စစ်တုရင်အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲနှင့် တစ်ပြိုင်တည်း မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲနှင့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲမှ လက်ရည် စစ်ဆောင်မြင်သူများသည် ၂၀၁၀ပြည့်နှစ် အမျိုးသားတံခွန်နိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

(စစ်တုရင်အဖွဲ့ချုပ်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ထစ်ချုန်းမည့် အခြေအနေ ဆက်လက်ဖြစ်ပေါ်နေ

ရန်ကုန် စက်တင်ဘာ ၁၈

ယနေ့နှစ်ကုန် ဂုဏ်ရှိခဲ့အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကျောင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကုန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ဧရာဝတီတိုင်းတွင် နေရာကွက်၍ မိုးကြိုခဲ့သည်။ မိုးကုတ်မြို့တွင် ၁၁သမ ၈၁လက်မ၊ ဗလင်းမြို့၊ ခရမ်းမြို့နှင့် နမ့်စန်းမြို့တို့တွင် ၁သမ ၅၄လက်မစီ၊ ကနိုဘလူမြို့တွင် ၁၁သမ ၁၈လက်မနှင့် အောင်လံမြို့တွင် ၀၁သမ ၁၆လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကမ္ဘာ့ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၁၉ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဆောက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကုန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနေဦး။ ရွာရန်ရှာနိုး၊ ၈၀ ဖြစ်သည်။

မြန်မာ့ပဝပင်လယ်ပြင်တွင် လွှင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

စက်တင်ဘာ ဘတိယရက်သတ္တမတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နိုင်ငံတော်အစိုးရအနေဖြင့် အယူခံတရားလို ဒေါ်အောင်ဆန်းစုကြည်အပေါ် ဥပဒေဘောင်အတွင်းမှ တည်ဆဲဥပဒေများနှင့်အညီသာ အစဉ်ဆောင်ရွက်ခဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကြောင့် ရပ်ဆိုင်းသွားသည်ဆိုသော်လည်း တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိသော ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် အတည်ဖြစ်လျက်ရှိ ဒေါ်အောင်ဆန်းစုကြည်အပေါ် မူလတရားရုံးက ၁၉၇၅ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ခြင်းမှာ ဥပဒေနှင့်ညီညွတ်

တရားခံ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ)အငယ်လေးတို့ တင်သွင်းခဲ့ကြသည့် အယူခံမှုများကို နှစ်ဖက်အပြီးသတ်လျှောက်လဲချက်များ ကြားနာ အယူခံမှုများကို အပြီးသတ်အမိန့်ချမှတ်ရန် အောက်တိုဘာ(၂)ရက်သို့ချိန်းဆို

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၉တွင် တရားခံ ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရ ပြစ်ဒဏ်ချမှတ်ခဲ့ရာ တရားခံဒေါ်အောင်ဆန်းစုကြည်က ယင်းအမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သဖြင့် စက်တင်ဘာ(၃)ရက်တွင် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံမှုတင်သွင်းခဲ့သည်။ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်-၁၇၃/၂၀၀၉ ဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၇/၂၀၀၉တွင် တရားခံဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ) အငယ်လေးတို့ အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂/ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉အရ ပြစ်ဒဏ်ချမှတ်ခဲ့ရာ တရားခံ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ) အငယ်လေးတို့က ယင်းအမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သဖြင့် စက်တင်ဘာ(၃)ရက်တွင် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံမှုတင်သွင်းခဲ့သည်။ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်-၁၇၄/၂၀၀၉ဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံးက စက်တင်ဘာ(၄)ရက်တွင် တရားခံဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ (ခ) အငယ်လေးတို့တင်သွင်းခဲ့ကြသည့် အယူခံမှုများကို လက်ခံသင့်-မသင့် လျှောက်လဲချက်ကြားနာပြီးနောက် အဆိုပါအယူခံမှုများကို လက်ခံကြောင်း အမိန့်ချမှတ်ကာ နှစ်ဖက်အပြီးသတ်လျှောက်လဲချက်များကို ကြားနာရန် စက်တင်ဘာ(၁၈)ရက် (ယနေ့)သို့ ချိန်းဆိုခဲ့သည်။

အဆိုပါ အယူခံမှုများကို ယနေ့ စက်တင်ဘာ (၁၈)ရက် နံနက် (၁၀)နာရီတွင် ရန်ကုန်တိုင်းတရားရုံး၌ ရုံးထိုင်ကြားနာသည်။ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၇၃/၂၀၀၉အမှုမှ အယူခံတရားလို ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေ ဦးကြည်ဝင်းက လျှောက်လဲရာ၌ ၁၉၈၈ခုနှစ်တွင် ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကြောင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရပ်ဆိုင်းခဲ့ပြီးဟု ဖော်ပြလျက် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း၊ တစ်ပြည်လုံးသိအောင် ကြေညာပြီးဖြစ်ပါလျက် ၁၉၈၈ခုနှစ်တွင် ရပ်ဆိုင်းသွားပြီးဖြစ်သော ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၁)၊ ပုဒ်မ ၁၄၈ (ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉ (က) (ခ)နှင့် ၁၆၀တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရပ်ဆိုင်းခြင်းမရှိသကဲ့သို့ အယူခံတရားလိုအပေါ် ကန့်သတ်မိန့်များချမှတ်၍ ပုဒ်မ ၁၀(က)အရ ဖမ်းဆီးချုပ်နှောင်ခြင်းကို လည်းကောင်း၊ ပုဒ်မ၁၀(ခ)အရ တားဆီးမှုပြုလုပ်ခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့သော အရပ်ရပ်အမိန့်များမှာ ကနဦးကတည်းက ဖျက်ပြယ်သည့် အမိန့်များဖြစ်သောကြောင့် မူလရုံးအမိန့်မှာ ဥပဒေအရ မှားယွင်းကြောင်း၊ ကန့်သတ်မိန့်များချမှတ်ရာ၌ ပုဒ်မ ၉(က) ပြဋ္ဌာန်းချက်နှင့်အညီ အဖွဲ့ဖြင့်သာ ဆုံးဖြတ်၍ ကန့်သတ်မိန့်ချမှတ်ရမည်ဟုဆိုသော်လည်း အဆိုပါပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်သည့် အထောက်အထားကို တရားလိုက တင်ပြခဲ့ခြင်းမရှိ၍ ကန့်သတ်မိန့်မှာ ဥပဒေနှင့်ညီညွတ်မှု မရှိသောကြောင့် မှားယွင်းကြောင်း၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်တို့တွင် ဖော်ပြထားသော အခြားသို့ ဆက်သွယ်ခြင်း စကားရပ်ကို အခြားမှ ဆက်သွယ်ခြင်းဆိုသည့် စကားရပ်နှင့် လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူလျက် အပြစ်ပေးစီရင်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်ကို ကန့်သတ်ထားပြီးဖြစ်၍ ယခုကဲ့သို့ နိုင်ငံခြားသားအား လက်ခံနေထိုင်ခွင့်ပြုခြင်း၊ တွေ့ဆုံစကားပြောခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်းသည် လွတ်လပ်စွာ နေထိုင်ခွင့်ပြုခြင်း ကန့်သတ်မိန့်ကို ချိုးဖောက်ခဲ့ခြင်းဖြစ်ပါသည်ဟု အခြေခံဥပဒေပုဒ်မ ၁၅၉ (က)ကို အနက်အဓိပ္ပာယ်ဖွင့်ဆို၍ အရေးယူ ခွဲခိုခြင်းမှာ မှားယွင်းကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဆောင်ချက်များမှာ အခြေခံ ဥပဒေပုဒ်မ ၁၅၄ပါ မူလအခွင့်အရေးတစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု သုံးသပ်ခြင်းမပြုဘဲ ရှောင်ကွင်းခဲ့ခြင်းမှာ ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းကြောင်း၊ ခုံရုံးတရားသူကြီးများသည် ဒေါ်အောင်ဆန်းစုကြည်၏ နေ့အိမ်အတွင်းသို့ အိမ်ရှင် ဒေါ်အောင်ဆန်းစုကြည် (သို့မဟုတ်) ၎င်း၏ တရားရုံးချုပ်ရှေ့နေများထံ အသိပေးခြင်း မရှိဘဲ သွားရောက်စစ်ဆေးခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ သို့ဖြစ်၍ အယူခံတရားလိုအား အမှုမအပြီးအပြတ်လွှတ်ပေးသင့်ကြောင်း လျှောက်လဲခဲ့သည်။

ထို့အပြင် မူလရုံးတွင်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀အရ မြန်မာနိုင်ငံခြားရေးရုံးမှ သက်သေအားစစ်ဆေးပေးရန် လျှောက်ထားခဲ့သည်ကို ငြင်းပယ်ခြင်းမှာ မှားယွင်းသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၈အရ နောက်ထပ်သက်သေခံချက် ရယူသင့်သည်ဟု လျှောက်လဲခဲ့သည်။

အယူခံတရားခံအတွက် ရန်ကုန်တိုင်းဥပဒေရုံးမှ ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်ခင်မာကြည်က လျှောက်လဲရာတွင် အယူခံတရားလို၏ ရှေ့နေများက အယူခံတရားလိုအပေါ် **ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ အရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ**

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

ပုဒ်မ ၁၄၈(ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉(က) (ခ) နှင့် ၁၆၀တို့ပါ အယူခံတရားလို၏ မူလအခွင့်အရေးများကို ကန့်သတ်ခဲ့သည့်အချက်များကို အလေးပေး ဖော်ပြထားပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုတင်ပို့ခဲ့သော ယခုအမှုမှာ နိုင်ငံတော်အား နောင်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရ အရေးယူသည့်အမှုသာ ဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၇ အရ နိုင်ငံသားတစ်ဦးဦးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ၊ အန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုပြုလုပ်ခဲ့သည် (သို့မဟုတ်) ပြုလုပ်နေသည် (သို့မဟုတ်) ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် ဗဟိုအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုသလို ကန့်သတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ယင်းဥပဒေပုဒ်မ ၇အရ ကန့်သတ်မိန့်ချမှတ်ထားသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် သံရုံးများ၊ နိုင်ငံရေးပါတီများနှင့် မဆက်သွယ်ရန်၊ နေအိမ်ပြင်ပသို့ ထွက်ခွင့်မပြုရန်၊ အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်း မပြုရန် ထုတ်ပြန်သော တားဆီးမိန့်များ၊ ဆက်လက်တားဆီးမိန့်များသည် ဥပဒေနှင့်အညီဖြစ်ကြောင်း၊ အယူခံတရားလိုအပေါ် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံးက ၁၉၇၅ခုနှစ် နိုင်ငံတော်အား နောင်ယှက်ဖျက်ဆီးလိုသည့် ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရ ချမှတ်ခဲ့သော အလုပ်နှင့် ထောင်ဒဏ် ၃နှစ် ကျခံစေရန်အမိန့်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အားချမ်းသာယာရေးနှင့် ပွဲဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ လျှောပေါ်ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ကောင်းမွန်စွာနေထိုင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် ညွှန်ကြားချက်နှင့်စပ်လျဉ်း၍မူ အယူခံတရားလို၏ အယူခံလွှာတွင် တစ်လုံးတစ်ပါဒမျှ ဖော်ပြထားသည်ကို မတွေ့ရပါကြောင်း၊ နိုင်ငံတော်အကြီးရုံးအဖြစ် အယူခံတရားလို ဒေါ်အောင်ဆန်းစုကြည်အပေါ် ဥပဒေဘောင်အတွင်းမှ တည်ဆဲဥပဒေများနှင့်အညီသာ အစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ အယူခံတရားလို ဒေါ်အောင်ဆန်းစုကြည်အပေါ် ရပ်ဆိုင်းသွားပြီးဖြစ်သော ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၄၈(ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉(က)(ခ)နှင့် ၁၆၀တို့ကို ကန့်သတ်သောအမိန့်များမှာ ကနဦးကတည်းက ပျက်ပြယ်သော အမိန့်များဖြစ်သည်ဟု လျှောက်လဲထားသည်ကို တွေ့ရှိရကြောင်း၊ ၁၉၈၈ခုနှစ် စက်တင်ဘာ (၁၈)ရက်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူပြီးနောက် ၁၉၈၈ခုနှစ် စက်တင်ဘာ (၂၄)ရက်တွင် ထုတ်ပြန်သော ကြေညာချက်အမှတ်(၆/၈၈)၌ တည်ဆဲဖြစ်သော ဥပဒေအားလုံးသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းမပြုသမျှ အတည်ဖြစ်သည်ဟု ကြေညာထားကြောင်း၊ ထို့ကြောင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကြောင့် ရပ်ဆိုင်းသွားသည်ဆိုသော်လည်း တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိသော ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် ကြေညာချက်အမှတ်(၆/၈၈)အရ အတည်ဖြစ်လျက်ရှိသည်ကို အထူးတင်ပြလိုပါကြောင်း၊ ဥပမာအားဖြင့် ၁၉၇၄ခုနှစ် နိုင်ငံတော်အလံဥပဒေ၊ ၁၉၇၄ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိသော ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် အတည်ဖြစ်လျက်ရှိကြောင်း၊ သို့ဖြစ်သည့်အတွက် ၁၉၇၄ခုနှစ် နိုင်ငံတော်အား နောင်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်းမရှိသော ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် အတည်ဖြစ်လျက်ရှိသည်မှာ မြင်သာပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်သည့် ကန့်သတ်မိန့်တွင် အခြားမဆက်သွယ်ခြင်းဆိုသည့် စကားရပ်မပါရှိ ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ ဆက်သွယ်ခြင်းဆိုသည့် အဓိပ္ပာယ်မှာ ဆက်ဒ်အောင်ပြုခြင်းဟု အဓိပ္ပာယ်ရခြင်းဖြစ်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်သည် Mr.John William Yettaw လာရောက်ဆက်သွယ်ခြင်းကို လက်ခံခြင်းသည် ဥပဒေတားဖြစ်ချက်ကို ချိုးဖောက်ရာ ရောက်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ယခု အရေးယူထားသောအမှုမှာ ကန့်သတ်မိန့်နှင့် တားဆီးမိန့်ကို ချိုးဖောက်၍ ပြစ်မှုကြောင်းအရ အရေးယူခြင်းသာဖြစ်သည့်အတွက် ၄င်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၄(က)ပါ အခွင့်အရေးခံစားခွင့်ရှိသည်ဟု တင်ပြချက်ကို လက်ခံစဉ်းစားရန် မသင့်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၉(၁)အရ အချုပ်ဖြစ်နေရာသို့ သွားရောက်ကြည့်ရှုရာတွင် အဓိကအကျဆုံးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်မပါဘဲ သွားရောက်ကြည့်ရှုခြင်းမှာ ဥပဒေနှင့်မညီ ဆိုသည့် တင်ပြချက်နှင့်စပ်လျဉ်း၍ အမှုအား စတင်ဖန်တီးခဲ့သော တရားခံ Mr.John William Yettaw နှင့်အတူ သက်သေများပါ ခေါ်ယူ၍ သွားရောက်ကြည့်ရှုခြင်းဖြစ်၍ ဥပဒေနှင့်အညီဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် မူလတရားရုံးက ၁၉၇၅ခုနှစ် နိုင်ငံတော်အား နောင်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ကြောင်း၊ အယူခံတရားလို၏အမှုကို ပလပ်သင့်ကြောင်း လျှောက်လဲခဲ့သည်။

ထို့အတူ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၇၄/၂၀၀၉မှ အယူခံတရားလို ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ (ခ) အငယ်လေးတို့အတွက် တရားရုံးချုပ်ရှေ့နေ ဦးလှမျိုးမြင့်ကလည်းကောင်း၊ အယူခံတရားခံအတွက် ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်ခင်မေဒေးကလည်းကောင်း အပြီးသတ် လျှောက်လဲချက်များကို အသီးသီး တင်သွင်းကြသည်။

ယနေ့ အပြီးသတ်လျှောက်လဲချက်များ ကြားနာရာတွင် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်၊ ရန်ကုန်တိုင်းဥပဒေရုံးမှ ဒုတိယတိုင်းဥပဒေအရာရှိများဖြစ်ကြသော ဒေါ်ခင်မာကြည်၊ ဒေါ်ခင်မေဒေးနှင့် ဦးမြတ်ခိုင်တို့ တက်ရောက်ကြကြောင်းနှင့် အယူခံမှုများကို အပြီးသတ် အမိန့်ချမှတ်ရန် အောက်တိုဘာ ၂၆ရက် နံနက်၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်မှ သိမ်းဆည်းရရှိသော မူးယစ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးဝါးပစ္စည်းများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

■ *ကျောဘုံးမှ*

သိမ်းဆည်းရရှိ

ထို့အတူ ညနေ ၃နာရီ ၁၅မိနစ်ခန့်တွင် လောက်ကိုင်မြို့နယ် ရှင်စင်းကျေးရွာအနီးမှ ဆိုဒီယမ်ဟိုက်ဒရောဆိုဒ်ပုံဆောင်ခဲ ၄၄၈လို့၊ မင်္ဂလာဒုက်တမင်းအညီရောင်ဆေးပြား(အပါး)၃၅၈၀၀၀၀၊ မင်္ဂလာဒုက်တမင်းအညီရောင်ဆေးပြား(အထူ) ၃၈၂၅၀၀၊ အက်ဖီဒရင်းအဖြူရောင်ဆေးပြား ၄၉၂၃၀၀၀၊ အဖြူရောင်ကဖင်းမွန် ၁၆၈လို့၊ ဆူပိုအက်ဖီဒရင်းဆေးလုံး ၆၀၀၊ အက်ဖီဒရင်းပါ နှာရှူဆေးဘူးသေး ခုနစ်ဘူး၊ အက်ဖီဒရင်းဆေးပြား၂၀၀ဟိုက်ဒရိုကလိုရစ်အက်စစ် ဂါလန် ၂၀၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆလင်ဒါလုံးခြောက်လုံး၊ မော်တာရုစ်လုံးနှင့် ကီလို ချိန်ခွင် ခုစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ထိုမူးယစ်ဆေးများသည် မူးယစ်ဘရားခံပြေးများနှင့် ဆက်နွယ်ပတ်သက်ကျကိုရကြောင်း သတင်းအရ ရှာဖွေသိမ်းဆည်းရမိခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်မှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြားလေသွေးလည်း မဝေးတော့ပါ

အောင်ရှင်း

လူသဘောသဘာဝအရ သတင်းဦး၊ သတင်းထူးကို ကြားချင်တာ မဆန်းပါဘူး။ ဒါပေမယ့် ထူးတိုင်း၊ ဦးတိုင်း သတင်းအမှန်လို့တော့ ယုံကြည်လို့မရပါဘူး။ အထူးသဖြင့် ဆန့်ကျင်ဘက်မီဒီယာအမျိုးမျိုးက လွှင့်ထုတ်နေတဲ့ လေလှိုင်းသတင်း၊ ရုပ်သံသတင်း၊ အင်တာနက် သတင်းတွေဟာ ကိုယ်လိုရာဆွဲ၊ ကိုယ်ဖြစ်ချင်တာ ဖောင်းပေးပြီး လွှင့်နေတဲ့ သတင်းတွေဖြစ်လို့ ချင့်ချိန်ပြီးမှ လက်ခံရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်ရေးကို မလိုလားတဲ့သူတွေက လက်ရှိအစိုးရကို ဆန့်ကျင်ရင်ပြီးရော မှန်မှန်မှားမှား ကောလာဟလသတင်းတွေကို လွှင့်ထုတ်လေ့ ရှိပါတယ်။ ဒီလိုလွှင့်ထုတ်ရာမှာ အမှန်အမှားရောပြီး ထပ်ခါထပ်ခါလွှင့်လိုက်၊ သတင်းဌာနပေါင်းစုံက အဓိပ္ပာယ်တူ စကားလုံးလွဲ လုပ်ကြံသတင်းများ ဖော်ပြလိုက်နဲ့ သူတို့ဖြစ်ချင်တဲ့ ပုံစံကို နှုတ်ကြောင်းပေး ထုတ်လွှင့်လေ့ရှိတာကိုလည်း သတိပြုကြရမှာ ဖြစ်ပါတယ်။

ဆောင်းပါးရှင်များကလည်း နေ့စဉ်ထုတ် သတင်းစာများမှာ သူတို့အမြင်၊ သူတို့အတွေးတွေကို ရေးသားဖော်ပြပေးလျက် ရှိပါတယ်။

နိုင်ငံတကာက ပိုမိုပြီး ရှင်းရှင်းလင်းလင်း သိသွားရအောင် ပြည်တွင်းပြည်ပ သတင်းထောက်တွေ၊ နိုင်ငံခြားသံတမန်တွေနဲ့ နိုင်ငံခြားစစ်သံမှူးတွေကိုပါ အခင်းဖြစ်တဲ့နေရာတွေအရောက် ခေါ်ပြပြီး ပကတိ မျက်မြင်တွေ့ရှိရအောင် စီစဉ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုစီစဉ်ပေးခဲ့လို့လည်း သံတမန်များနှင့် သတင်းထောက်တွေအားလုံးဟာ လက်နက်စက်ရုံရှိ စက်ပစ္စည်းတွေ၊ ထုတ်လုပ်နိုင်တဲ့ စွမ်းပကားတွေ၊ ဖုန်ညစ်အစိုက်မှုများရဲ့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ နေရာတွေ၊ လောက်ကိုင်မြို့ တည်ငြိမ်အေးချမ်းမှုအတွက် အစိုးရတာဝန်ရှိသူများနဲ့ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီတို့ရဲ့ စွမ်းဆောင်ချက်တွေအားလုံးကို အကြားသက်သက် မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ သိရှိခဲ့ပြီး ဖြစ်ပါတယ်။

ကိုးကန့်အဖွဲ့မှာသာမက အခြားတိုင်းရင်းသားအဖွဲ့တွေရဲ့ အကွဲအပြဲဖြစ်စဉ်များမှာလည်း နိုင်ငံတော်အနေနဲ့ ဘယ်သူ့ဘက်မှ ဘက်မလိုက်ဘဲ မိဘလိုစိတ်ထားမျိုးနဲ့ ဗျုန်ဖြေပေးခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ခွဲထွက်တယ်၊ ကွဲထွက်တယ် ဆိုတဲ့ ဖြစ်စဉ်တွေရှိလာတိုင်းမှာ ဘယ်အဖွဲ့ကိုမဆို အစိုးရက ထိုက်သင့်တဲ့ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ပေးခဲ့တာတွေကို အထင်အရှား မြင်တွေ့နိုင်ပါတယ်။ ဒီလိုလုပ်ပေးတာဟာ တိုင်းရင်းသားအဖွဲ့အစည်းတွေ ကစဉ့်ကလျား မဖြစ်စေလိုတဲ့ နိုင်ငံတော်ရဲ့ စေတနာအမှန်ပဲ ဖြစ်ပါတယ်။

လတ်တလော ကိုးကန့်ဒေသ အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး အမျိုးမျိုးအဖုံဖုံ လုပ်ကြံသတင်းတွေ၊ ကောလာဟလသတင်းတွေကို တကယ်ဖြစ်ပျက်နေတာတွေနဲ့ လွဲမှားစွာ ဖော်ပြနေကြဆဲ ဖြစ်ပါတယ်။ အဆိုးဆုံးကတော့ စကားလုံး ကြီးကြီးကျယ်ကျယ်တပ်ပြီး မိမိကိုယ်မိမိ သတ်မှတ်ချင်သလို သတ်မှတ်ထားတဲ့ စစ်ရေးလေ့လာသူ၊ နိုင်ငံရေးအကဲခတ်၊ မြန်မာ့အရေး ကျွမ်းကျင်သူဆိုတဲ့ ကြေးစားမီဒီယာသမားများက ထင်ရာမြင်ရာတွေ လျှောက်ပြောပြီး လွဲမှားနေတဲ့ သတင်းအမှားများနှင့် တိုင်းရင်းသားအဖွဲ့တွေ ဇဝေဝါဖြစ်အောင် လုပ်နေကြပါတယ်။ သူတို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ၂၀၁၀ ရွေးကောက်ပွဲ အနှောင့်အယှက်ဖြစ်စေရေးအတွက် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရအကြား ပြဿနာ မပေါ်ပေါ်အောင် လုပ်ဆောင်နေခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရကလည်း ဒီအချက်ကို ကြိုသိ၊ ကြိုမြင်လို့ ကိုးကန့်ဖြစ်စဉ်များနဲ့ ပတ်သက်ပြီး အဖြစ်မှန်တွေကို တိတိကျကျ ခိုင်ခိုင်မာမာ သတင်းများ ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ နေ့စဉ်မပြတ် ထိတွေ့မှုရယူပြီး ဖြစ်စဉ်အမှန်တွေ၊ အစိုးရရဲ့ သဘောထားရပ်တည်ချက်တွေ၊ ဖြစ်ပွားရတဲ့ အဓိကအကြောင်းရင်းတွေကို ရှင်းလင်း အသိပေး ပြောကြားလျက် ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့

တကယ်တော့ ကိုးကန့်ဖြစ်စဉ်ဟာ နိုင်ငံတော် တည်ငြိမ်ရေးကို ပျက်ပြားစေလိုသူတွေ ပြောသလို ကိုးကန့်၊ တိုင်းရင်းသားအဖွဲ့နဲ့ အစိုးရအကြား ပြဿနာဖြစ်တာ မဟုတ်ဘဲ ကိုယ်ကျိုးစီးပွားအတွက် လောဘတက်ခဲ့ပြီး ဘယ်လိုမှ ခွင့်လွှတ်လို့မရနိုင်တဲ့ မူးယစ်ဆေးဝါးနဲ့ လက်နက်မှောင်ခို ဖုန်ညစ်အစိုကိုများအနေနဲ့ တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းလာအောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ခဲ့ရတဲ့ ဖြစ်စဉ်သာ ဖြစ်ပါတယ်။

နိုင်ငံတော်အပိုင်းက အလွန်အင်မတန် စိတ်ရှည်သည်းခံပြီး ဥပဒေကြောင်းအရ ဆောင်ရွက်ဖို့ ဖျောင်းဖျစည်းရုံးခဲ့ပေမယ့် ဖုန်ညစ်အစိုကိုအဖွဲ့နဲ့ သစ္စာခံလက်အောက် ငယ်သားအချို့က လွဲမှားတဲ့ခံယူချက်နဲ့ မလုပ်သင့် မလုပ်ထိုက်တာကို လုပ်ခဲ့ပြီး စတင်ပစ်ခတ်ခဲ့လို့ အပြန်အလှန် တိုက်ပွဲတွေ ဖြစ်ခဲ့ရတာပါ။

ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီ ဖြစ်ပေါ်လာမှု ကလည်း မလိုတမာ မီဒီယာတွေပြောသလို အစိုးရက သပ်လျှို့ သွေးခွဲလို့မဟုတ်ဘဲ တရားဥပဒေကို ရင်ဆိုင်ရဲတဲ့ ဖုန်ကြားရှင်တို့ လူတစ်စု ထွက်ပြေးသွားတဲ့အတွက် ခေါင်းဆောင်မဲ့နေတဲ့အဖွဲ့အစည်းကို ကျန်ရှိတဲ့ခေါင်းဆောင်တွေက ဆက်လက်ထိန်းသိမ်းတာဝန်ယူခဲ့တာပဲ ဖြစ်ပါတယ်။ ကိုးကန့် ခေါင်းဆောင်များအကြား အချင်းချင်းသဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတာ အစိုးရနဲ့ ဘာမှ မသက်ဆိုင်ဘဲ ကိုးကန့်အဖွဲ့အစည်းရဲ့ ပြဿနာသာ ဖြစ်ပါလိမ့်မယ်။ ဒါတွေဟာလည်း ကိုးကန့်ဒေသမှာ သိပ်တော့ မဆန်းလှပါဘူး။ အစိုးရအနေနဲ့ကလည်း ငြိမ်းချမ်းရေးအဖွဲ့ တစ်ခုအတွင်းမှာ အကွဲအပြဲတွေရှိလာတိုင်း ဒေသတည်ငြိမ်အေးချမ်းမှု မပျက်ပြားရလေအောင် ဝင်ရောက် ထိန်းညှိပေးခဲ့ရတဲ့ အတွေ့အကြုံတွေ များခဲ့ပြီဖြစ်ပါတယ်။

ကိုးကန့်အဖွဲ့မှာသာမက အခြားတိုင်းရင်းသားအဖွဲ့တွေရဲ့ အကွဲအပြဲဖြစ်စဉ်များမှာလည်း နိုင်ငံတော်အနေနဲ့ ဘယ်သူ့ဘက်မှ ဘက်မလိုက်ဘဲ မိဘလို စိတ်ထားမျိုးနဲ့ ဖုန်ဖြေပေးခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ခွဲထွက်တယ်၊ ကွဲထွက်တယ် ဆိုတဲ့ ဖြစ်စဉ်တွေရှိလာတိုင်းမှာ ဘယ်အဖွဲ့ကိုမဆို အစိုးရက ထိုက်သင့်တဲ့ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ပေးခဲ့တာတွေကို အထင်အရှား မြင်တွေ့နိုင်ပါတယ်။ ဒီလိုလုပ်ပေးတာဟာ တိုင်းရင်းသားအဖွဲ့အစည်းတွေ ကစဉ့်ကလျားမဖြစ်စေလိုတဲ့ နိုင်ငံတော်ရဲ့ စေတနာအမှန်ပဲ ဖြစ်ပါတယ်။

တိုင်းရင်းသား အဖွဲ့အစည်းတွေ အကွဲအပြဲဖြစ်ခဲ့တိုင်း ဆန့်ကျင်ဘက်အဖွဲ့တွေက လွဲမှားတဲ့ သုံးသပ်ချက်တွေနဲ့ အတူ အစိုးရက သပ်လျှို့လို့ သဘောထားကွဲရသလိုလို စွပ်စွဲပုတ်ခတ်လေ့ ရှိပါတယ်။ ယခုလည်းပဲ အစိုးရက ကြိုတင်ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သတင်းအမှားတွေ လုပ်ကြံဖော်ပြပြီး အခြားတိုင်းရင်းသားအဖွဲ့တွေကို သတိပေးသလိုလိုနဲ့ ရန်တိုက်ပေးနေကြပြန်ပါတယ်။ အမှန်တကယ်ကတော့ ကိုးကန့်ကိစ္စဟာ လက်အောက်ငယ်သားများရဲ့ စစ်မတိုက်လိုတဲ့ စိတ်ခံစားချက်ကို မသိချင်ယောင်ဆောင်ပြီး နိုင်ငံတကာ အခြေအနေကို နားမလည်တဲ့ ဖုန်ညစ်အစိုကိုများရဲ့ ကိုယ်ကျိုးစီးပွားအတွက် တစ်ဖက်သတ် ဆောင်ရွက်ချက်များကြောင့် ပစ်ရခက်ရတဲ့အဆင့်ထိ ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအချက်ကို လောက်ကိုင်ရောက်ခဲ့တဲ့ သံတမန်များအားလုံး ရှင်းလင်းပြတ်သားစွာ တွေ့မြင်သိရှိခဲ့ရပြီးဖြစ်လို့ သက်ဆိုင်ရာ နိုင်ငံအစိုးရများထံ အစီရင်ခံကြပြီး ဖြစ်မှာပါ။ ပကတိ မျက်မြင်တွေ့ရှိချက်တွေအရ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီက ကိုးကန့်ဒေသ တည်ငြိမ်အေးချမ်းပြီး ယခင်က ထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော် တာဝန်ရှိသူများနဲ့ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်လျက် ရှိပါတယ်။

ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဝင်များ အနေနဲ့ ကျစ်လျစ်သိပ်သည်းတဲ့ စည်းလုံးညီညွတ်မှုနှင့်အတူ ယခင်က အဓိန်အရ ကိုးကန့်စစ်သားဖြစ်ခဲ့တဲ့ လက်အောက်ငယ်သား အများစုကို ၄င်းတို့ရဲ့ဆန္ဒအရ သာမန်အရပ်သားများအဖြစ် မိမိတို့ရပ်ရွာတွေမှာ လွတ်လပ်အေးချမ်းစွာ အခြေချနေထိုင်ဖို့ ဦးစားပေး လုပ်ဆောင်နေတာလည်း မြင်တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကိုးကန့်ဒေသမှာ ဖြစ်ပေါ်လာမယ့် အုပ်ချုပ်ရေးယန္တရားအတွက် ကြိုတင်မျှော်တွေးပြီး အသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို မှန်ကန်တဲ့လမ်းကြောင်းပေါ်မှ ဆက်လက် လုပ်ကိုင်လျက်ရှိပါတယ်။ ကိုးကန့်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးနဲ့ ကိုးကန့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို လုပ်ကိုင်နေဖြိုဖြစ်ကြောင်း သံတမန်တွေကို အတိအလင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သတင်းများမှာ ဖော်ပြခဲ့ကြပါတယ်။

နယ်ခြားစောင့်တပ် ဖွဲ့စည်းဖို့ကိစ္စကလည်း ယခုမှ သဘောတူခဲ့တာမဟုတ်ဘဲ ယခင်ကတည်းက ဖုန်ညစ်အစိုကိုများကလွဲပြီး ကျန်ကိုးကန့်ခေါင်းဆောင်များက ဆန္ဒရှိနေတဲ့ ကိစ္စတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ တစ်ဖက် နိုင်ငံက ပြန်ရောက်လာသူတွေရဲ့ ပြောကြားချက်များအရ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကိစ္စတွေကို ယခင်က ဖုန်ကြားရှင်ရဲ့

အခုတော့ ယာယီဦးစီးကော်မ ဆန္ဒနဲ့အညီ အသွင် လိုက် အဆင့်လို ဖြစ်ပါတယ်။ အလ များကလည်း အသွ လုပ်ဆောင်နေကြ နေရပါတယ်။

ဆွေမျိုးတစ်သိုက်ကသာ ဆုံးဖြတ် လုပ်ကိုင်နေခဲ့ပြီး လက်အောက်က တပ်ရင်းမှူးအဆင့်ရှိတဲ့သူတွေကောင် မသိခဲ့ကြရပါဘူး။ အောက်ခြေက တပ်ဖွဲ့ဝင်တွေကပဲ လက်မခံသလိုလို အကြောင်းပြ အချိန်ဆွဲနေခဲ့လို့ အသွင်ကူးပြောင်းရေးလုပ်ငန်းများ ရှေ့မတိုးနိုင်ဖြစ်နေတာကို ကိုးကန့် ပြည်သူအများစုကလည်း အားမလိုအားမရ ဖြစ်ခဲ့ကြပါတယ်။

အခုတော့ ထာဝရငြိမ်းချမ်းရေးအတွက် ကိုးကန့်ဒေသယာယီဦးစီးကော်မတီက ဦးဆောင်ပြီး ဒေသခံပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ အသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို အဆင့်လိုက် အဆင့်လိုက် လုပ်ကိုင်နေတာကို မြင်တွေ့နေရပြီဖြစ်ပါတယ်။ အလားတူ အခြားတိုင်းရင်းသား အဖွဲ့အစည်းများကလည်း အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်နေကြကြောင်း သတင်းကောင်းတွေ ကြားသိနေရပါတယ်။

တကယ်တမ်းကျတော့ နယ်ခြားစောင့်တပ် ဖွဲ့တယ်ဆိုတာ တပ်မတော်အစိုးရက ၂၀၁၀ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်လာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ လက်ရှိဥပဒေအောင် အတွင်း ဝင်ရောက်ပြီးဖြစ်တဲ့ အဖွဲ့အစည်းတွေကို ဥပဒေအရ လက်နက်ကိုင်ဆောင်ခွင့်ရှိလာအောင် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအတွက် အကောင်းဆုံး စီမံပေးတာ ဖြစ်ပါလိမ့်မယ်။ တစ်နည်းအားဖြင့် တပ်မတော်အစိုးရ လက်ထက် နားလည်မှုနှင့် လက်နက်ကိုင်ဆောင်ခွင့် ပြုထားခြင်းကို နောင်ဖြစ်ပေါ်လာမယ့် အစိုးရလက်ထက်မှာဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လက်နက်ကိုင်ဆောင်ခွင့် တရားဝင်ဖြစ်စေပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ မိမိဒေသ မိမိနယ်မြေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကိုထမ်းဆောင်ခွင့်ရရှိမယ့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် လုပ်ပေးတဲ့ အစီအမံပဲဖြစ်ပါတယ်။

ဒီလို စီမံပေးရတာကလည်း တပ်မတော်အစိုးရက နိုင်ငံတော် တာဝန်ယူထားတဲ့ ကာလအတွင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့သူများဖြစ်လို့ လုပ်ဖော်ကိုင်ဖက်လို သဘောထားခဲ့ပြီး အစစအရာရာ ကြိုတင်မျှော်တွေးမှုနှင့် လိုလေသေးမရှိအောင် လုပ်ဆောင်ပေးနေခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် နယ်ခြားစောင့်တပ်ဆိုတာ ပြည်နယ်တစ်ခု၊ ဒေသတစ်ခုအတွက် ဆောင်ရွက်ပေးတာ မဟုတ်ဘဲ နိုင်ငံတော်ကို ကိုယ်စားပြုပြီး နိုင်ငံတကာက တရားဝင် အသိအမှတ်ပြုခံရမှာဖြစ်လို့ အလွန်အင်မတန် ဂုဏ်ယူရမှာဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်ရာမှာလည်း ဆန့်ကျင်ဘက် မိဒီယာတွေက သွေးထိုး ထုတ်လွှင့်နေသလို၊ ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်း လုံးဝမရှိဘဲ ရိုးသားပွင့်လင်းမှုနှင့် ဒေသအကျိုး၊ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုပြီး စိတ်ရှည်လက်ရှည် ရှင်းလင်းဆွေးနွေးလျက် ရှိပါတယ်။ လတ်တလော ဖြစ်သင့် ဖြစ်ထိုက်တဲ့ အချက်တွေကို ဖြစ်ချင်လွန်းတဲ့ ဆန္ဒဖော မပါဘဲ မဖြစ်မနေလုပ်ရမယ့် အလုပ်ဆိုတာကို ခံယူချက်ရှိရှိနဲ့ နားလည်လက်ခံလာအောင် မိဘနဲ့ သားသမီးသဖွယ် ဆက်ဆံရေးမျိုးနဲ့ နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး လက်တွဲခေါ်ယူလျက်ရှိပါတယ်။

မိဘဆိုတာ သားသမီးတွေရဲ့ တောင်းဆိုချက်ကို ဆင်ခြင်တုံတရားနဲ့ မျှမျှတတ ဆုံးဖြတ်လုပ်ကိုင်ပေးရပါတယ်။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဘယ်မိဘမဆို သားသမီးတွေကို ဒုက္ခမရောက်စေလိုပါဘူး။ မိဘက အလိုလိုက်မိလို့ သားသမီး ဆိုးသွမ်းပြီး ဒုက္ခရောက်သွားမှာကိုလည်း မလိုလားကြပါဘူး။ အကြီးကောင်ကိုတော့ မျက်နှာသာပေးတယ်၊ အငယ်လေးကို ပိုချစ်တယ်ဆိုတာ မရှိဘဲ သားသမီးများ တစ်ပြေးညီ တိုးတက်ကြီးပွား၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ဖြစ်စေချင်တာ မိဘတိုင်းရဲ့ ဆန္ဒအမှန် ဖြစ်ပါတယ်။ ဒါကြောင့်လည်း **မိဘသဖွယ်ဖြစ်နေတဲ့ နိုင်ငံတော်အစိုးရဟာ သားသမီးသဖွယ်ဖြစ်နေတဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေကို စိတ်ရှည်သည်းခံပြီး အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေကို လိုအပ်ချက်အရ လွယ်ကူရိုးရှင်းတဲ့ နည်းလမ်းတွေနဲ့ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် မဖြစ်မနေ လုပ်ဆောင်နေတာ ဖြစ်ပါလိမ့်မယ်။ သားသမီးတွေကလည်း မိဘရဲ့စေတနာအမှန်ကို ရိုးသားစွာ သိနားလည်ပြီး ပုဂ္ဂိုလ်အခွဲ၊ ဒေသအခွဲ၊ အဖွဲ့အစည်းအခွဲ မထားရှိဘဲ တိုင်းရင်းသားပြည်သူလူထု အကျိုးစီးပွားအတွက် ရှေးရှုပြီး တက်ညီလက်ညီဆောင်ရွက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။**

ဒီလို တက်ညီလက်ညီ လုပ်ဆောင်နေချိန်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးလိုသူတွေရဲ့ မဟုတ်မမှန် လုပ်ကြံသတင်းတွေကို နားယောင်ပြီး သတင်းအမှားများအပေါ်မှာ မှားယွင်းသုံးသပ်မိရင် မှားယွင်းတဲ့ လုပ်ဆောင်ချက်များ ဖြစ်သွားမှာကိုလည်း သတိပြုကြစေချင်ပါတယ်။

တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေး ရယူခဲ့တဲ့ ကာလတစ်လျှောက်လုံး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ခဲ့၊ ကိုင်ခဲ့တာတွေဟာ အလွန်ကောင်းမွန်တဲ့ မှတ်တမ်းတွေ ဖြစ်ခဲ့ပါတယ်။ ယခုလုပ်နေတဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းဟာ နောင်ဖြစ်ပေါ်လာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို တိုင်းရင်းသား အဖွဲ့အစည်းများအနေနဲ့ တပ်မတော်နဲ့ တစ်သားတည်း ထမ်းဆောင်နိုင်ခွင့်ရတော့မှာဖြစ်လို့ သမိုင်းမှတ်တမ်းဝင်မယ့် လုပ်ဆောင်ချက်များ ဖြစ်လာပါလိမ့်မယ်။ သမိုင်းမှတ်တမ်းဝင်မယ့် အသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ ယုံကြည်ချက်မှန်ကန်ပြီး ဆုံးဖြတ်ချက် ပြတ်သားသူများအတွက် ကြားလေသွေးလည်း ရည်မှန်းချက်ပန်းတိုင်နဲ့ ဘယ်လိုမှ မဝေးနိုင်တော့ပါဘူး။ အဲဒီ ရည်မှန်းချက်ပန်းတိုင်ကတော့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ပဲ ဖြစ်ပါတယ်။ ။

အခုတော့ ထာဝရငြိမ်းချမ်းရေးအတွက် ကိုးကန့်ဒေသယာယီဦးစီးကော်မတီက ဦးဆောင်ပြီး ဒေသခံပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ အသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို အဆင့်လိုက် အဆင့်လိုက် လုပ်ကိုင်နေတာကို မြင်တွေ့နေရပြီဖြစ်ပါတယ်။ အလားတူ အခြားတိုင်းရင်းသား အဖွဲ့အစည်းများကလည်း အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်နေကြကြောင်း သတင်းကောင်းတွေ ကြားသိနေရပါတယ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၉-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၅၅ ၂။ အရှဲ့ဈေးဂင်္လန်း ယဉ်ကေယ်ထွန်း၊ ဟားရေ-ဂီတာဆိုမျိုးနွယ်ဆွေ

၇း၂၅ ၃။ ကျန်းမာဖို့အတွက်စားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ အဆိုပြိုင်ပွဲ

၇း၅၅ ၆။ ကဏ္ဍာပန်းဥယျာဉ်

၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၈း၂၅ ၈။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (၃တိယတန်း) အဆင့်] (အချိုသား)

၈း၄၀ ၉။ International News

၈း၅၅ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍာ

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၀ ၂။ တေးဂီတအစီအစဉ်

၁၁း၂၀ ၃။ ချစ်စရာအရွယ်ကစားကြမယ် ပြည်တွင်းသတင်းစဉ်

၁၁း၃၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂း၀၀ ၅။ Yan Can Cook

၁၂း၂၀ ၆။ နိုင်ငံခြားစာတ်လမ်းတွဲ ဟာသကဏ္ဍာ (အပိုင်း-၂၉)

၁၃း၂၀ ၇။ နတ်ဒိဘုတ်စစ်ဆေးရေး (အပိုင်း-၁) နိုင်းနိုင်း၊ မင်းရာဇာ၊ ကျော်ဇော်ဟိန်း၊ မြင့်မိုရ်၊ မောနန်း၊ တင့်တင့်ထွန်း၊ မျိုးစန်းကျော်၊ စိုးမိုးကြည်၊ အေးတင်ရည်သောင်း၊ ဝိုင်းစုနိုင်သိန်း [ဒါရိုက်တာ-မောင်မောင်ဦး (စနီးပွိုက်)]

၁၄း၄၀ ၈။ International News

၁၄း၄၅ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL (2009) တောလုံးပြိုင်ပွဲ တိုက်ဆိုင်ထုတ်လွှင့်မှုအစီအစဉ် (ကဏ္ဍာ F.C အသင်းနှင့် ဓောက်သမီး F.C အသင်း)

၅း၄၅ ၂။ တေးဂီတအစီအစဉ်

၆း၀၀ ၃။ ညနေခင်းသတင်း

၆း၁၅ ၄။ မိုးလေဝသအခြေအနေ

၆း၂၀ ၅။ အလှရာဇဝင်လှကမ္ဘာဝယ်

၆း၄၀ ၆။ ယဉ်ကော်ကိုယ်မယ် **ချမိန်မိုဝ်ခြင်း** မိုးယုစံ၊ တက်ထွန်း (ဒါရိုက်တာ-ဓောက်ဘုန်းမိုး)

၇း၀၀ ၇။ နိုင်ငံခြားစာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၅)

၈း၀၀ ၈။ ပြည်တွင်းသတင်း

၉။ နိုင်ငံတကာသတင်းများ

၁၀။ မိုးလေဝသအခြေအနေ

၁၁။ ကာတွန်းအစီအစဉ် **ဦးနိုဆောခိသားစု ခွန်စားနန်း** (အပိုင်း-၄၃)

၁၂။ နိုင်ငံခြားစာတ်လမ်းတွဲ **အဖြူရောင်ဆောက်က အကြောင်းနာလုံးသား**(အပိုင်း-၂၂)

၁၃။ ဂီတတံခါးလေးဖွင့်ပါဦး

၁၄။ အစီအစဉ်ပြီး၏။

မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ပင်လည်ဘူး စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်း ကသာခရိုင် ပင်လည်ဘူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ အုပ်စုအချို့သား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် ညနေ ၃နာရီက ပင်လည်ဘူးမြို့ မြို့မ အားကစားကွင်း၌ ကျင်းပသည်။

ယှဉ်ပြိုင်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မင်းထွေးက အဖွင့်အမှာစကား ပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ရပ်ကွက်၊ ကျေးရွာ အုပ်စု ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၈-၉-၂၀၀၉

မျာပုံ
၄ ဒသမ ၂၁ လက်မ

သာယာဝတီ
၂ ဒသမ ၉၆ လက်မ

ကော့ကရိတ်
၂ ဒသမ ၈၀ လက်မ

ကျောက်ဖြူ
၂ ဒသမ ၁၃ လက်မ

မော်လိုက်
၁ ဒသမ ၈၅ လက်မ

မိုးကုတ်
၁ ဒသမ ၈၁ လက်မ

ဖလမ်း
၁ ဒသမ ၅၄ လက်မ

ကန့်ဘလူ
၁ ဒသမ ၁၈ လက်မ

အောင်လံ
၀ ဒသမ ၁၆ လက်မ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ်မှ သိမ်းဆည်းရမိသော မူးယစ်ဆေးပြားများကို တွေ့ရစဉ်။ (သတင်း-ကျော်ဝုံး) (သတင်းစဉ်)

နေပြည်တော်လယ်ဝေး တောင်ဖိလာထုံးကျောက်သိုက် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စက်တင်ဘာ ၁၃ရက် မွန်းလွဲပိုင်းက နေပြည်တော်လယ်ဝေး တောင်ဖိလာဒေသရှိ ဘိလပ်မြေစက်ရုံများအတွက် ထုံးကျောက်များ ထုတ်ယူနေသော တောင်ဖိလာတောင် ထုံးကျောက်သိုက်သို့ရောက်ရှိ စစ်ဆေးရာ ရှင်းလင်းဆောင်ခဲ့ ဘာဝန်ခံအင်ဂျင်နီယာက ဘိလပ်မြေစက်ရုံအတွက် လိုအပ်သောထုံးကျောက်များ ထုတ်ယူရရှိ သုံးစွဲနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းလိုအပ် ချက်များကို မှာကြားပြီး ထုံးကျောက်သိုက် နေရာ၌ စက်ယန္တရားများဖြင့် ထုံးကျောက်များ ထုတ်ယူနေရာ၊ အစမ်းမြောင်းများဖြင့် ထုံးကျောက်လွှာ စမ်းသပ်တိုင်းတာနေမှု၊ ထုတ်ယူပြီး ထုံးကျောက်များ စုပုံထား ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ **(အမေါ်ပုံ)**

တောင်ဖိလာဒေသရှိ ဘိလပ်မြေစက်ရုံ တည်ဆောက်ပြီးစီးနေမှု အခြေအနေများ ကို လုပ်လုပ်ကြည့်ရှုစစ်ဆေးကာ လိုအပ် သည့် ကုန်ကြမ်းများ ပြည့်တင်းပေးရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူတုပ်ကွေးနှင့် ကြက်၊ ငှက်တုပ်ကွေး ကင်းစင်ရေး ကျွန်းလှ၌ ကျန်းမာရေးပညာပေးဟောပြောဆွေးနွေး

ကျွန်းလှ စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသခြမ်းသာယာရေးနှင့် ပဲ့ဖြိုးရေးကော်စီ(ဥက္ကဋ္ဌ)ရုံး၊ ကျန်းမာရေး ဝန်ကြီးဌာန ဆေးမြို့ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကြီးကြပ်လျက် ခရိုင်နှင့် မြို့နယ်ဆေးချစ်းသာယာရေးနှင့် ပဲ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော ကမ္ဘာ့လူဝှက်ဘွဲ့ကွေး၊ ကြက်၊ ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှု လူထုကျန်းမာရေး ပညာပေး စာပေဟောပြောပွဲများကို မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ မော်လိုက်ခရိုင်၊ ခန္ဓီးခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်၊ တမူးခရိုင်၊ ခရိုင်ရှစ်ခရိုင်အတွင်းရှိ ၃၆မြို့နယ် နှင့် မြို့လေးမြို့တွင် ၄၈နေရာ၌ ကျင်းပခဲ့သည်။

သုတ၊ ရည

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ဆေးချစ်းသာယာရေးနှင့် ပဲ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့လူဝှက်ဘွဲ့ကွေးနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု လူထုကျန်းမာရေးပညာပေး စာပေဟောပြောပွဲကို သြဂုတ် ၂၇ရက် နံနက် ၁၀နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဆေးနိုင်က တက်ရောက်အမှာ စကားပြောကြား ဖွင့်လှစ်ပေးပြီး ကျွန်းလှမြို့နယ်ဆေးရုံအုပ် ဆရာဝန်ကြီးက ကမ္ဘာ့ လူတုပ်ကွေးရောဂါထိန်းချုပ်ရေး၊ ခရိုင်ဆေးမြေးရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက ကြက်၊ ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး၊ စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာဂန္ဓမောင်မောင်က ကျန်းမာရေးနေထိမ်းများ စိတ်ဓာတ် စာသုတ စာပေ ရေးရာများ၊ စာရေးဆရာ ဆရာမာန်က ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား နေ့တိုင်းလေ့ကျင့်သွား ရသစာပေများကို ဟောပြောကြသည်။ **(ခရိုင် မြန်/ဆက်)**

နေပြည်တော်လယ်ဝေးမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချန်ဆုပေးပွဲ ကျင်းပ

နေပြည်တော်လယ်ဝေး စက်တင်ဘာ ၁၈

နေပြည်တော် လယ်ဝေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ရက် ၉ နာရီက ရန်ကုန်မြို့ ရွှေကျင်မွေ့ရံ၌ ကျင်းပရာ အသင်းနာယက ဦးဆိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က အသင်း၏ဆောင်ရွက်ချက်များနှင့် အသင်း၏ စည်းမျဉ်းများကို တင်ပြအတည်ပြုချက်ရယူပြီး အသင်းရုံးခန်းဖြစ်မြောက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ချက်များကို တင်ပြသည်။ ထို့နောက် အသင်းသူအသင်းသားများက အသင်းအကျိုး တော်ဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ဖွဲ့စည်းကာ အသင်းနာယကများက အခြေခံပညာ အထက်တန်း စာပေမဲ့တွင် ဂုဏ်ထူးဖြင့်ဆောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချန်ဆုဒျိုးမြှင့်ကြသည်။ **(အမေါ်ပုံ) (မြို့နယ်အသင်း)**

ကောသောင်းနှင့် ခမောက်ကြီးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၈

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း ကောသောင်းမြို့ (၁၀)မိုင် ကျေးရွာ၌ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး (၁၀)မိုင်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။ (အောက်ပုံ)

ထို့နောက် ဝန်ကြီးသည် (၁၀)မိုင် ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှု များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးနှင့် ရွှေဝက်ပဂုံမှဏီ၏ ငါးတင်၊ ငါးချ ဆိပ်ခံ တံတားတို့ကို သွားရောက်ကြည့်ရှု စစ်ဆေး သည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ကောသောင်းမြို့ (၇)မိုင်ကျေးရွာ အခြေခံပညာမူလတန်း လွန်ကျောင်း၌ (၇)မိုင် ရွှေပြည်စိုးကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများအား တွေ့ဆုံ၍ အခြေခံ ပညာကျောင်းများ အတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေး ကိရိယာများနှင့် ကျေးရွာ စာကြည့်တိုက် အတွက် ၂၁လက်မ ရုပ်မြင်သံကြားစက် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ကျေသောင်းမြို့ အေးရိပ် ငြိမ်ရပ်ကွက်၌ ဒေသခံပည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အေးရိပ်ငြိမ်ရပ်ကွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ရပ်ကွက်စာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။ စာရေးကိရိယာများနှင့် ရပ်ကွက်စာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။

သွားရောက်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကောသောင်းခရိုင် ခမောက်ကြီးမြို့ရှိ ယုဇနဆီအုန်းကုမ္ပဏီလီမိတက်၏ တစ်နာရီ တန် ဖြ၀ ကျ ဆီအုန်းဆီကြမ်းကြိတ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူကွလာပမြို့နယ် (၁၀)ရပ်ကွက် ခေတ်မြန်မာရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်က ဟေမဝန်မွေ့ရံတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌဦးအေးရှိုက အဖွင့်အမှာ စကား ပြောကြားစဉ်။ (၁၁ဖု)

ကျေးလက်ပြည်သူများ ဘဝမြင့်မားရေး ရွှေကျင့်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရွှေကျင် စက်တင်ဘာ ၁၈

ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အစီအစဉ်ဖြင့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက် ၉နာရီက ရွှေကျင်မြို့နယ် ခြေတော်ယာကျေးရွာ လယ်သမားကြီးဦးသာဆင်၏ စပါးစိုက်ခင်း၌ ကျင်းပရာ မြို့နယ် ဆေးချစ်းသာယာရေးနှင့်ပဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးကြည်ဝင်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လယ်သမားကြီး များ တက်ရောက်ပြီး စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးလက်နေပြည်သူများ ဘဝမြင့်မားလာစေရန် နှင့် ငါးမျိုးမမြန်းတီးရန် ရည်ရွယ်၍ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ တီလားပီးယား ကောင်ရေ ၂၂၅၀၀ကို စပါးခင်းဇက ၅၀အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ (မြို့နယ် မြန်/ဆက်)

ဝခုတ္တရာမြို့ အမှတ်(၁) မြို့မရွေး သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရွေးအတွင်းအပြင် ရေမြောင်းများ ကူးမော်ဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး(ရေး)ဦးအေးထွန်းစိုး ခေါင်းဆောင်၍ အဖွဲ့ဝင်ဝန်ထမ်းများဖြင့် စုပေါင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်ရည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး ဆောင်ရွက်

ဓိုးမောက် စက်တင်ဘာ ၁၈

ကချင်ပြည်နယ် ဓိုးမောက်မြို့ပြနှံကြား ရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန ဦးစီးမှူး ခေါ်လွန်းနန်းထွေးနှင့်အဖွဲ့သည် ခုံဆင့်ကျေးရွာ အုပ်စု ခုံဆင့်သစ်ခုံဆင့်ဟောင်းနှင့်နောင်ပေါ် ကျေးရွာများသို့ သွားရောက်၍ စာကြည့်တိုက် များ ရှင်သန်ခိုင်မာရေး၊ စာငှားကော်စနစ် ကျင့်သုံးရေး၊ စာကြည့်တိုက် မှတ်တမ်း စာတိုပုံများ ရယူရေးတို့အတွက် သြဂုတ် ၂၁ရက်က နယ်လှည့်၍ ကွင်းဆင်း ဆောင် ရွက်သည်။ **(မြို့နယ် မြန်/ဆက်)**

အထူးဈေးရောင်းပွဲတော် ကော့မှူး၌ ကျင်းပ

ကော့မှူး စက်တင်ဘာ ၁၈

အမှတ်(၁) စက်မူဝန်ကြီးဌာန အထူး ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက် နံနက် ၈နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မြို့မရပ်ကွက်ရှိ မင်္ဂလာခန်းမရွေ့တွင် ကျင်းပသည်။

အားပေး

ရောင်းစွာ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ကော့မှူးမြို့နယ် အတွင်းရေးမှူး ဦးမိုးမိုးကို့နှင့် အမှတ်(၁) စက်မူဝန်ကြီး ဌာန သင်္ဘောဆေးစက်ရုံ ဒုတိယစက်ရုံမှူး ဦးစိန်ဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး **(ယာဝုံ)** ရပ်ကွက်အေးချမ်းသာယာ ရေးနှင့်ပဲ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဧည့် ပရိသတ်များ တက်ရောက်အားပေးကြသည်။

ရောင်းချ

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၁၈ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချ မည်ဖြစ်သည်။ **(မြို့နယ် မြန်/ဆက်)**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာအုပ်၊ စာစောင် ပေးအပ်လှူဒါန်း

နန့်ခမ်း စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နန့်ခမ်းမြို့နယ်တွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာအုပ်၊စာစောင် ပေးအပ်လှူဒါန်းခဲ့ အခမ်းအနားကို စက်တင်ဘာ၁၇ရက် မွန်းလွဲ ၁နာရီက အခြေခံပညာအထက်တန်းကျောင်း သိရိရွှေရည်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။

လှူဒါန်း

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးစာကြည့်တိုက်အတွက် မြို့နယ်ဥက္ကဋ္ဌဦးအောင်လွင်နှင့် ဌာနဆိုင်ရာများက လစဉ်ထုတ်မဂ္ဂဇင်း ၁၇မျိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ငင်ကြည်က မေမြန်မာဂျာနယ်အစောင် ၂၀၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ဝင်းအေးက သုတ/ရသ ၁၀အုပ်၊ ဦးမိုင်းထွန်းအောင်က ဂျာနယ်အစောင် ၃၀၊ မြို့နယ်ပညာရေးမှ ဒေါ်မြလွင်က သုတ/ရသ ငါးအုပ်၊ ပေါက်နေရပ်ကွက်ဥက္ကဋ္ဌ ဦးမိုင်းတင်ထွန်းက သုတ/ရသ ၁၀အုပ်၊ ပေါက်တိုက်ရပ်ကွက်ဥက္ကဋ္ဌ ဦးမိုင်းလှအောင်က သုတ/ရသ ငါးအုပ်၊ အောင်ချမ်းသာရပ်ကွက်ဥက္ကဋ္ဌ ဦးတိုးလှက စာအုပ်စာစောင် ၁၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးသိန်းအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၈ - ၂၀၀၉ တက္ကသိုလ်ဝင် စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား မလှိုင်၌ ဂုဏ်ပြု

မလှိုင် စက်တင်ဘာ ၁၈

မလှိုင်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်ဖြင့် မြို့နယ်ပညာရေးဌာနက ကြီးမှူး၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများဂုဏ်ပြုပွဲကို သြဂုတ် ၃၀ရက်က ပန်းလှိုင်ရွာဝါခန်းခဲ့ကျင်းပရာ မြို့နယ်ပညာရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဆေးသန်းက အောင်ချက် ရာနှုန်းမြင့်မားရေးကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက် ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၅ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၆ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၂ ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေ (အလော်ပဲ)နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

(၀၈၂)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မြည် စက်တင်ဘာ ၁၈

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးရွာကိုယ်အားကိုယ်ကိုး စာကြည့်တိုက်များမှ ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ အရည်အသွေးမြင့်မားရေးအတွက် အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို စက်တင်ဘာ ၇ရက် နံနက် ၇နာရီက မော်ဓာကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ရာ မော်ဓာ၊ မူတ်ရယ်၊ ကွင်းပြည်း ကျေးရွာများမှ သင်တန်းသားများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပွဲ

အလားတူ နှောကုန်း၊ ပို့ရွာ၊ ပေါင်းတလည်နှင့် ရွာမကြီးကျေးရွာများ၌လည်း အခြေခံပညာစာကြည့်တိုက် ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့သည်။

(တိုင်း ပြန်/ဆက်)

စာကျက်စနစ်ကျင့်သုံးရေး ကွင်းဆင်းဆောင်ရွက်

တောင်ကုတ် စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ် သံတွဲခရိုင်တောင်ကုတ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ စာထောက်-၃ ဒေါ်ခင်သိရိမောမာန်၊ ရုပ်သံ-၃ ဒေါ်ခိုင်စောလင်း၊ ငယ်/ရေး ဒေါ်ဝင်းမြသန်းတို့သည် စက်တင်ဘာ ၁၁ ရက်တွင် ကိုင်းရှုခံကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူး၊ဒေါ်မြဝေင်းတို့နှင့် တွေ့ဆုံ၍ စာဌားကတ်စနစ် ထိရောက်စွာ ကျင့်သုံးရေး၊ ရန်ပုံငွေများ တိုးမြှင့်ရရှိရေး၊ စာအုပ် စာစောင်များ စနစ်တကျထားရှိရေး စသည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရှေ့အိုး လူမခိုး

ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၀၆/၂၀၀၉)ကို စက်တင်ဘာ ၁၉ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (၎င်း တက္ကသိုလ်မြေပြင်း) တတိယထပ် Function Hall ၌ကျင်းပမည်ဖြစ်ရာ ယင်းဆွေးနွေးပွဲတွင် ဒေါက်တာကျော်လတ်၊ ဗိသုကာဦးဆန်းဦးနှင့် ဗိသုကာဦးစည်သူမြင့်ဆွေတို့က ''Historical Sites & Measured Drawing'' ခေါင်းစဉ်ကို ဆွေးနွေးကြမည်ဖြစ်ပြီး ASEAN Architect Council Logo Design ဆုချီးမြှင့်ပွဲနှင့် လူငယ်ဗိသုကာ ကြိုဆိုပွဲပါ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။ ဗိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၇-၆၃၅၀၀၊ ၀၉-၅၁-၁၆၉၅၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

Premier Coffee ဘောလုံးအသင်းနှင့် မော်လမြိုင်မြို့နယ်လက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၈

မော်လမြိုင်မြို့ရှိ(ရာမည)ကွင်းတွင် Premier Coffee ဘောလုံးအသင်းနှင့် မော်လမြိုင်မြို့နယ် ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကျင်းပရာ တစ်ခဲနက်လာရောက် ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားခဲ့သည်။

ဆက်လက်ကျင်းပ

Premier Coffee သီချင်းဆိုပြိုင်ပွဲကို စက်တင်ဘာ၁၃ရက်(တနင်္ဂနေ့)ညနေ ၅နာရီခွဲမှ ၉နာရီခွဲအထိ မော်လမြိုင်ဟိုတယ် ၌ကျင်းပရာ ဘေးရေး နောင်နောင်(Sun Flower)က အက်ဖြတ်ပိုင်းအဖြစ်ပြုလုပ်ပြီး Melody World အဆိုတော်များဖြစ်သော ခိုင်ရွှေဝါ၊ ဂျူလိုင်၊ နောင်နောင်၊ အောင်ခန့်တို့က သီဆိုဖျော်ဖြေကြသည်။ Premier Coffee ၏ Special Promotion Girls များကလည်း Product Show များ၊ Dance များဖြင့် ပြိုင်ဖြိုင်ဆိုင် ဆိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

သတို့၊ ရေး၊ ထားဝယ်၊ မြိတ်၊ ဘားအံမြို့များတွင်လည်း Premier Coffee သီချင်းဆိုပြိုင်ပွဲနှင့် Ginsetin (ကိုဝီး ယားဂျင်စင်းအားဆေး) အလှမယ်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပလျက်ရှိသည်။

(အောက်ပို့)မြန်မာတစ်ပြည်လုံးဆန်ခါတင်၍ ပထမ၊ ဒုတိယ၊ တတိယ ပြန်လည်ရွေးချယ်ပွဲကို ရန်ကုန်မြို့ Capital Hypermarket တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၉ (စနေနေ့)
နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင့်လိမာလသုတ်၊ ဓောဂျုဂ်သုတ်၊ ပုဗ္ဗဏ္ဍသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **''ဘင်္ဂဗြတ်မှန်ခွာနံ၀နံ့''** တရားတော်
(ဆရာတော်ဘာဒန္တကျဥ်းသာရ)
၆း၅၅ မုးဒို့ဘုရားရံ မြို့ပျာပုံ
၇း၀၀ MRTV-4 သတင်း
၇း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်နှစ်သံများဆုံစည်းရာ**
(အပိုင်း-၁၀)
၈း၃၀ Sports World (MNL 2009) (Delta Utd Vs Zeyar Shwe Myay)
၈း၅၅ Activities in the City (MWDC စက်ရုံ၏ ထောက်ပံ့ဖွေးအပ်ပွဲအခမ်းအနား)
၉း၀၅ ပြည်တွင်း ပုလဲရောင်းချွဲ အကြိုပြင်ဆင်မှုများ(နေပြည်တော်)
၉း၂၅ **လူဖြစ်မှီးပါဗြီကွာ** ရုပ်ရှင်သရုပ်ဆောင်များ (ဒါရိုက်တာ-ညီညီထွန်းလွင်)
၉း၃၀ Global Panorama ဦးကိုကိုလိုင်းမျိုးမြတ်သူ
၁၀း၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ တူသောအကျိုး
၁၀း၅၅ သွားမယ်စားမယ် (''aqua'' blues bar and restaurant)
၁၁း၂၀ စက်မှုကုန်ကြမ်းသီးနှံ ပီလောဒီနံ
၁၁း၃၀ အနုပညာ မိုးကောင်းကင်
၁၂း၀၀ ကင်ဆာရောဂါ သတ်ပြုစုရာ (ပါမောက္ခဒေါက်တာ သီတာစန်း)
၁၂း၂၅ ပန်းချီပြခန်း (Colour Wave)
၁း၀၀ **''ဘင်္ဂဗြတ်မှန်ခွာနံ၀နံ့''** တရားတော်
(ဆရာတော်ဘာဒန္တကျဥ်းသာရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival သန့်ပဝါးဖက်ရှင်
၃း၃၀ မျိုးဆက်ဖြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၄း၀၀ လေ့ကျင်ရာ ရှမ်းရွာလေးများ
၄း၁၀ နှစ်ဖြိုက်စွာ အိမ်မျော်စေမှာ Lavender
၄း၂၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် (စာများများဖတ်ပါ)

(သတို့၊ မိုးမောမာန်ခင်၊ ဆောင်းအိခွေထွန်း၊ ဒေါ်ဆောင်မြင့်ကြည်၊ ခေါလေး) (ဒါရိုက်တာ-ကြည်သာပွဲကြိုက်ခင်)
၄း၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ တူသောအကျိုး
၅း၂၅ Activities in the City (MWDC စက်ရုံ၏ ထောက်ပံ့ဖွေးအပ်ပွဲအခမ်းအနား)
၅း၄၀ ဂီတသံစဉ် အလှဆင် (ချိုပြုံး)
၅း၅၅ **လူဖြစ်မှီးပါဗြီကွာ** ရုပ်ရှင်သရုပ်ဆောင်များ (ဒါရိုက်တာ-ညီညီထွန်းလွင်)
၆း၀၀ MRTV-4 သတင်း
၆း၂၀ သွားမယ်စားမယ် (''aqua'' blues bar and restaurant)
၆း၅၀ အနုပညာမိုးကောင်းကင်
၇း၀၀ Fashion Music Festival (သနပ်ခါးဖက်ရှင်)
၈း၀၀ MRTV-4 သတင်း
၈း၂၀ ပြည်တွင်း ပုလဲရောင်းချွဲ အကြိုပြင်ဆင်မှုများ(နေပြည်တော်)
၈း၅၅ ပန်းချီပြခန်း (Colour Wave)
၉း၃၀ လေလွင်းမှ မြေကြီး ပရိသတ်များ အစေးစကား
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်နှစ်သံများဆုံစည်းရာ** (အပိုင်း-၁၀)
၁၀း၀၀ ကဗျာနိုင်ငံအားကစားအစီအစဉ်
၁၁း၄၅ ရွှေပါရမီ အလှတော် (နေ့ခေါင်းဖြို့)
၁၂း၂၅ တက္ကစီမီတာ သင်လိုရာ စေပေး။ ရိုတာ၊ ပန်းဆိုခိုင် (ဒါရိုက်တာ-ဇာဝီထက်လင်း)
၁း၂၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် စာများများဖတ်ပါ (သတို့၊ မိုးမောမာန်ခင်၊ ဆောင်းအိခွေထွန်း၊ ဒေါ်ဆောင်မြင့်ကြည်၊ ခေါလေး) (ဒါရိုက်တာ-ကြည်သာပွဲကြိုက်ခင်)
၁း၄၅ အင်တာနက်လမ်းညွှန် (Net Master)
၂း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီဆင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီဆင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲဝဲ့ဦများ

ည	ပွဲစဉ်	မြသမည့်လိုင်း
၆း၁၀	Burnley- Sunderland	ESPN(Live)
၈း၂၅	Arsenal - Wigan	ESPN(Live)
	Aston Villa - Portsmouth	STAR SPORTS (Live)
၁၀း၃၀	Bolton - Stoke City	STAR SPORTS (SDD)
၁၀း၅၅	West Ham - Liverpool	ESPN(Live)

စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီညွတ်ရေး ပုဇွန်တောင်သုခမိန်စာကြည့်တိုက်၌ ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ သတ်မှတ် စံ(၅)ရပ်နှင့်ညီညွတ်ရေး စာဌားစနစ်ကျင့်သုံးနိုင်ရေး အတွက် ဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက်က အမှတ်(၅)ရပ်ကွက် သုခမိန် ကိုယ်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားတွင် မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဦးက စာကြည့်တိုက် ရှင်သန်နိုင်မာရေးလုပ်ငန်း သတ်မှတ်စံ (၅)ရပ်နှင့် စာဌားကတ်စနစ်ကျင့်သုံး၍ ရန်ပုံငွေထူထောင်ရန် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမှတ်(၅)ရပ်ကွက် ဥက္ကဋ္ဌ ဦးမင်းခိုင်က စာကြည့်တိုက်ဖွဲ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းဆွေးနွေးသည်။ (ယာပုံ)

(မြို့နယ် ပြန်/ဆက်)

ဆောက်သမ်းမြန်မာကို ကမ္ဘောဒီးယန်းလိုကျော်ဖြတ်မလဲ

MNL Grand Royal 2009

အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၄)

သတင်းဆောင်းပါး - မြန်မာလိဂ်ပွဲကြိုလေ့လာသုတစ်ဦး ❖ မှတ်တမ်းတော်ပုံ - မြန်မာ့အလင်း

ပြီးခဲ့သည့် ကြာသပတေးနေ့က ကစားသွားခဲ့သည့် ပွဲစဉ်ရလဒ်များအရ ရတနာပုံနှင့် ဒယ်လ်တာယူနိုက်တက်အသင်းများမှာ နိုင်ပွဲဆက်ပြီး ဖယားထိပ်ဆုံးပိုင်းတွင် ဆက်လက် ရပ်တည်လျက်ရှိနေသည်။ သို့သော် ထိုနှစ်သင်းစလုံးမှာ လက်ရှိရပ်တည်မှုကို အလွယ်တကူ ရခဲ့ကြခြင်းတော့ မဟုတ်ပေ။ ပြိုင်ဘက်များကို ခက်ခက်ခဲခဲ ကြိုးစားယှဉ်ပြိုင်ရင်း ကျော်ဖြတ် အနိုင်ယူခဲ့ကြခြင်း ဖြစ်သည်။ မည်သို့ဆိုစေ ထိုနှစ်သင်းစလုံးမှာ သူတို့၏ ပရိသတ်များကိုတော့ စိတ်လှုပ်ရှားပျော်ရွှင်မှုများ ပေးထားနိုင်ဆဲဖြစ်သည်။

ကမ္ဘောဒနှင့်ဆောက်သမ်းမြန်မာ

ယနေ့ည နေ့မာရီတွင် သုဝဏ္ဏဂွင်း၌ကစားမည့် ကမ္ဘောဒနှင့် ဆောက်သမ်းမြန်မာ တို့ပွဲစဉ်မှာလည်း ပရိသတ်များအား စိတ်လှုပ်ရှားမှု ပေးစွမ်းနိုင်မည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်သည်။ ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဒအသင်းမှာ ယခုပြိုင်ပွဲတွင် အခြားအသင်းများကဲ့သို့ နိုင်ငံခြားသားကစားသမားများကို မခေါ်ဘဲ ပြည်တွင်းကစား သမားများဖြင့်သာ ပြင်းပြင်ထန်ထန် လေ့ကျင့်ကာ ရလဒ်ကောင်းဆောင် ကြိုးစားနေသော အသင်းဖြစ်သည်။ သို့သော် ကမ္ဘောဒအသင်းသားအများစုမှာ လက်ရှိလက်ရွေးစင်နှင့် လက်ရွေးစင်ဟောင်း ကစားသမားများဖြစ်၍ ခြေခွင်မမှီနှင့် အတွေ့အကြုံပိုင်းတွင် ပြိုင်ဘက်တိုင်းကို ကောင်းစွာယှဉ်နိုင်သည့် အနေအထားဖြိုးရှိသည်။ ယွင်းထွက်၌ မန္တလေးမြို့နှစ် ရတနာပုံအသင်းကို ဗထူးကွင်းတွင် သုဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မကွေးနှင့် ဧရာဂျွန်မြေကွဲသို့ ကောင့်တင်းသော အသင်းကောင်းများကို ဆက်တိုက် အနိုင်ရထား၍ ကမ္ဘောအသင်း၏ခြေခွင်မမှာ ပြိုင်ဘက်တိုင်းအတွက် သတိပြုစရာ ဖြစ်နေသည်။ နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းကြောင့် စိတ်ဓာတ်ပိုင်းလည်း တက်ကြွနေ နိုင်ပြီး ယခုပွဲကိုလည်း ဆက်လက်အနိုင်ရအောင် ပြင်ဆင်ကြိုးစားမှာ သေချာသည်။

သို့သော် ဆောက်သမ်းမြန်မာအသင်းကလည်း ယခင်ပြိုင်ပွဲက အသင်းထက် များစွာပိုမိုကောင့်တင်းလာသည့်အပြင် ပွဲစဉ် (၃)တွင် ရန်ကုန်ယူနိုက်တက်ကဲ့သို့ အသင်းကြီးများကို အနိုင်ရအောင်ကစားထားနိုင်သောကြောင့် လျှော့တွက်လို့မရသည့် ပြိုင်ဘက်ဖြစ်သည်။ ဆောက်သမ်းမြန်မာအသင်း ပိုင်ရှင်ကလည်း သူ့အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် မြင့်မားသည့်

ကမ္ဘောဒ

ရှမ်းပြည်နယ်ကိုယ် စား ပြု ကမ္ဘောဒ F.C အသင်း။

(မြန်မာ့အလင်း)

ဆုကြေးများ ချီးမြှင့်ပေးခဲ့သည့်အပြင် တစ်ပွဲနိုင်တိုင်း ကစားသမားများကို ဆုကြေးအပြင် ကျပ်တစ်သိန်းစီ လစာတိုးမြှင့်ပေးသွားမည်ဟု အတိအလင်း ကြေညာထားခဲ့သောကြောင့် ဆောက်သမ်းမြန်မာအသင်းသားများအားလုံးမှာ စိတ်ဓာတ်ပိုင်း အလွန်မြင့်မားနိုင်ပြီး ယခုပွဲအပါအဝင် လက်ကျန်ပွဲအားလုံးကို အနိုင်ရအောင် အားထည့်ကြိုးစားမှာသေချာသည်။ ထို့အပြင် ဆောက်သမ်းမြန်မာအသင်းမှ ခေါ်ယူထားသော နိုင်ငံခြားသားကစားသမားများမှာ အသင်းကစားပာန်နှင့် တခြားပြည်းသားကျလာပြီး ပြည်တွင်း ကစားသမား များနှင့်လည်း နားလည်မှုပိုရှိလာသောကြောင့် ကမ္ဘောဒအသင်းအနေဖြင့် ဆောက်သမ်းအသင်းအား ခက်ခဲစွာရင်ဆိုင်ရမည်မှာ သေချာသည်။

အကောင်းဆုံးတုံ့ပြန်

လက်ရှိအသင်းလိုက် ခြေခွင်မိုင်းအရ ကမ္ဘောဒအသင်းက အနည်းငယ် အသာစီးရနိုင်သည်ဟု ထင်စရာရှိသော်လည်း ပြည်ပဆုကြေးစားကစားသမားများပါဝင်နေသော ဆောက်သမ်းမြန်မာအသင်းကို လျှော့တွက်မိချို့မရပါ။ အထူးသဖြင့် ဆောက်သမ်း အသင်းမှာ ပရိသတ်အားပေးမှု များစွာရရှိထားသော အသင်းဖြစ်နေ၍ ယခုပွဲတွင် ကမ္ဘောဒအသင်းကို အကောင်းဆုံး တုံ့ပြန် ကစားမည်မှာ သေချာသည်။

မျှတသည့်အဖြေ

သို့သော် ကမ္ဘောဒအသင်းကလည်း အသင်းလိုက်ကစားပုံ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာပြီး နောက်ဆုံးနှစ်ပွဲတွင် ပေးဂိုး မရှိအောင် ကစားထားနိုင်သည့်အတွက် ဆောက်သမ်းအသင်းမှ ဂျာဂွန်တို့အုပ်စု အဆုံးသတ်သေချာမှသာ မျှော်လင့်ချက်ရှိနိုင်သည်။ အားလုံးကို ဖြုံလုံးသုံးသပ်ကြည့်ပါကလည်း နှစ်သင်းစလုံးတွင် နိုင်ဖွဲ့ခြေနေသောကြောင့် အမြဲအလှန် ကစားရင်းသရေဂျွားနဲ့ပါကလည်း မျှတသည့်အဖြေဟု ဆိုရလေလိမ့်မည်။ ။

(မြန်မာ့အလင်း)

တနင်္သာရီတိုင်း ကိုယ်စားပြု ဆောက်သမ်းမြန်မာအသင်း။ (မြန်မာ့အလင်း)

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ် (၂၁) ဆင်းပွဲ

ဒုတိယညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ယနေ့နံနက် စနစ်ရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည့် ဘဏ္ဍာရေးစည်းမျဉ်းဆထူးသင်တန်း အမှတ်စဉ်(၂၁)ဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အောင်လက်မှတ်ပေးအပ်

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် စံပြသင်တန်း သားဆုရရှိသူ ဦးဆန်းထွန်းဝင်း ဒုတိယဦးစီးမှူး ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အားလည်းကောင်း၊ စာပေထူးချွန်ဆုရရှိသူ ဦးဝေယံလင်း မုဒုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အားလည်း ကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ် များကို ပေးအပ်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ဒုတိယဦးစီးမှူးနှင့် အထက်အဆင့် အရာရှိ သင်တန်းသား ၆၀တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ခြောက်ပတ် ကြာမြင့်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

သင်တန်းဆင်းပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဗဟိုလေ့ကျင့်ရေးကျောင်း စားရိပ်သာနှင့် ဖွင့်လှစ်ဆဲသင်တန်းများ ဖြစ်သော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၃၃/၃၄)၊ စာရေး ပန်ထမ်းသင်တန်း အမှတ်စဉ်(၆၂/၆၃) သင်တန်းသားများ သင်ကြား နေမှုကိုလည်းကောင်း၊ နှစ်ရှည်သီးနှံ၊ ရာသီသီးနှံ စိုက်ပျိုးမွေးကြို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားမဂ္ဂဇင်းကြီးဌာန မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ် အမျိုးသား တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲနှင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရောက်ဆုံးလူရွေးပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီမှ စ၍ ဆောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ လေလုံပြိုင်ပွဲရုံ၌ ပွဲစဉ်ပေါင်း ရှစ်ပွဲဖြင့် ကျင်းပသည်။

အမျိုးသမီး

အမျိုးသမီး ၅၁ကီလိုပြိုင်ပွဲ (နှစ်မိနစ် ထိုး နှစ်မိနစ်နား ငါးချီပွဲ)တွင် ထက်ထက် နိုင်(အား/ကာသိပ္ပံ-ရန်ကုန်) စတုတ္ထဆချီ တွင် ဆက်လက်မယှဉ်ပြိုင်နိုင်၍ နှင်းမွှန်မွှန် နိုင်(အား/ကာသိပ္ပံ-မန္တလေး) အနိုင်ရရှိသွား သည်။ သုံးမိနစ်ထိုး နှစ်မိနစ်နား သုံးချီ အမျိုးသားပြိုင်ပွဲများတွင် လိုက်ဖလိုင်း ဝိတ်တန်း၌ ဝေဖြိုးထွန်း(ပြည်ထဲရေး)က ကျော်လင်းထွန်း(ပြည်ထဲရေး)ကို အမှတ် ၂၃-၃ ဖြင့် အနိုင်ရရှိသွားသည်။

ဘင်တန်ဝိတ်

ဘင်တန်ဝိတ်တန်းတွင် ကျော်ကျော်လတ်(မြို့တော်စည်ပင်)က မောင်နိုင်(ကာကွယ်ရေး)ကို အမှတ် ၁၄-၀ဖြင့် အနိုင်ရရှိသွားသည်။ ဖယ်သာဝိတ်တန်းတွင် ဧရိယူးဖွန်(နေပြည်တော်) ကိုယ်အလေးချိန်ပိုနေသဖြင့် ကျော်ကျော်ထက် (မြို့တော်စည်ပင်) အနိုင်ရရှိသွားသည်။

လိုက်ဝိတ်တန်း

လိုက်ဝိတ်တန်းတွင် ဝေလင်းအောင် (ကာကွယ်ရေး)က အေးကိုနိုင်(အား/ကာသိပ္ပံ-ရန်ကုန်)ကို အမှတ် ၄၇-၂၃ဖြင့်၊ ပြည်ဖြိုးဟိန်း (လယ်ယာ/ဆည်မြောင်း)က ဘိုဘိုလင်း(ပြည်ထဲရေး)ကို အမှတ် ၁၀-၇ ဖြင့်အနိုင်ရရှိသွားကြသည်။ **(ဝဲဝဲ)**

ဝယ်လ်တာဝိတ်တန်း

ဝယ်လ်တာဝိတ်တန်းတွင် ဆောင်ကို အေး(ကာကွယ်ရေး)က မြတ်သိန်းထွန်း (ကာကွယ်ရေး)ကို အမှတ် ၁၃-၅ဖြင့်၊ ဆောင်ဆူရ (မြို့တော်စည်ပင်)က နိုင်ဝင်း ထွန်း(ပြည်ထဲရေး)ကို အမှတ် ၁၀-၄ဖြင့် အနိုင်ရရှိသွားကြသည်။

ဆက်လက်ယှဉ်ပြိုင်

စက်တင်ဘာ ၁၉ရက်(ယနေ့) ညနေ ၃နာရီမှစတင်၍ အကြိုဖိုင်လ်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ထိုးသတ်သွားမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒိုင်းဆုပေးအပ်

စက်တင်ဘာ ၁၄ရက်က ၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူနီယာပြိုင်ပွဲ အမျိုးသားအသင်းလိုက် ပြိုင်ပွဲ ၌ ပထမ (ကချင်ပြည်နယ်) အားကစား နှင့် ကာယပညာဦးစီးဌာန (ယှဉ်ပြိုင်၊ လေ့ကျင့်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးမော်တောင်က ဒိုင်းဆုပေးအပ်စဉ်။

(ဂျူနီအဖွဲ့ချုပ်)

ဖခင်အမည်မှန်

မူဆယ်မြို့ အထက(၂) တရားသူကြီး ဝင်ငှားနိုင်ငံသားစိစစ်ရေးကဒ်ပြား အမှတ် (B)မှ မိုင်းနိုင်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်လေး ဖြစ်ပါကြောင်း။

ဦးကျော်လေး
၁၃/နမန(နိုင်)၀၂၄၅၆၁။

အမည်ပြောင်း

အဖ ဦးတွန်းဦး၏သား မောင်စည်သူအောင် (တရားသူကြီးဝင်ငှားနိုင်ငံသားစိစစ်ရေးကဒ်ပြား အထက-၂၊ ပုဒ်မ(၆) အား ယနေ့မှစ၍ မောင်စည်သူဦးခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ စည်သူဦးခန့်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးနိုင်းချစ်ထွေး၏ အမှတ် PP No.၁၄၄၁၀၃ သည် မျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀-၀၉၅၀၄။

မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

စက်တင်ဘာ မွေးနေ့ရှင် **မနန်းယမင်းကျော်** ၏ (၃၃)နှစ်မြောက် မွေးနေ့မင်္ဂလာနှင့် သမီးလေး **ဖောင်ဖောင်** (ခ) **မူးသက်နှင်းကျော်** ၏ (၇)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် ပျော်ရွှင်ချမ်းမြေ့ အောင်မြင်သော နေ့ရက်များစွာကို ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်-

ဘဘ-ဦးပြေအောင်
ကြီးကြီး-ဒေါ်ယုယုလွင်
ကိုကြီး-ဒေါက်တာသာထက်အောင်
ကိုကြီး-စစ်ဦးအောင် (Part.1,DSMA)
မမ-မသက်လျာအောင် (2nd MB, ဆေး-၁)

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ရတနာ-ရန်ကုန် ၂၄ လက်မ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်း(ရွာမ) တည်ဆောက်ခြင်း လုပ်ငန်းအတွက် ၊ နန်းသဲနှင့် မြေကြီးများ ဖို့ရန်
ချိုပိတ်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်(၁/၂၀၀၉-၂၀၁၀)

၁။ လုပ်ဆောင်ရမည့်လုပ်ငန်း	နန်းသဲ(၉၃၇၅)ကျင်း ဖို့ပေးခြင်း၊ ရေခြင့်သိပ်သည်းပေးခြင်း၊
၂။ တင်ဒါတင်သွင်းရမည့်နေရာ	မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ ရေပြည်တော်
၃။ တင်ဒါပိတ်မည့်ရက်/အချိန်	(၂၅-၉-၂၀၀၉)ရက် မွန်းတည့် (၁၂း၀၀)နာရီ
၄။ တင်ဒါဖွင့်မည့် ရက်/အချိန်	(၂၅-၉-၂၀၀၉)ရက် မွန်းလွဲ (၁၃း၀၀)နာရီ
၅။ တင်ဒါဖွင့်မည့်နေရာ	ရုံးအဆောက်အအုံအမှတ် (၄၄) ရေပြည်တော်

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘဏ္ဍာရေးဌာန အထောက်အအုံ အမှတ်(၄၄) ရေပြည်တော်နှင့် ရန်ကုန်ဗဟိုတွင် တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ငယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၁၁၊ ၀၆၇-၄၁၁၂၀၅ တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။





ကျေးဇူးဆပ်ပါမည်

ကျွန်တော် ပုန်ခန့်တွမ် ၁၂/မဂဒ (နိုင်) ၀၉၄၉၈၃ ၏ နိုင်ငံကူးလက်မှတ် PP-စဧ၃၄၄၄ မှာ ခရီးသွားရင်း ကျရောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ ဖုန်း-၆၃၀၀၅၂။

ဖခင်အမည်မှန်

အထက(၃) ဗဟန်း တရားသူကြီးဝင်ငှား (A) မှ မောင်ရဲမောင်း၏ ဖခင်အမည်မှန်မှာ ၁၂/ဗဟန (နိုင်) ၀၆၁၁၄၈ ဖြစ်ပါသည်။

ဦးလူမော်မျိုး။

ကျေးဇူးဆပ်ပါမည်

ကိုအောင်မြင့်စိန် ၉/မမန (နိုင်) ၁၃၃၄၄၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် မမှတ်မိမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ ဖုန်း-၅၅၈၁၇၃။

သစ်တောသစ်ပင် တိုချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ

ရန်ကုန် စက်တင်ဘာ ၁၈

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးပွားရေး ITPEC စာမေးပွဲအကြောင်းကို ကျောင်းသား ကျောင်းသူများ နှားလည် သိရှိစေရန်ရည်ရွယ်၍ စက်တင်ဘာ၁၉ရက် (စနေနေ့) နံနက်၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း ၂၀၅ ၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်စိုးဝိုက ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ခုနှစ်နိုင်ငံတို့မှ အသိအမှတ်ပြုမည့် IT ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ် စာမေးပွဲ "ITPEC Exam အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ITPEC Exam တွင် မေးမြန်းမည့် Course Syllabus, ရရှိနိုင်မည့် အကျိုးကျေးဇူး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ရေပေးရေး

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းတွင် ရေဂိတ်ဘားများ တပ်ဆင်ထားရှိမှုကို စစ်ဆိုင်းဘိုင်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာ မူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇီဂွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဆောင်နှင့်အဖွဲ့ စက်တင်ဘာ ရက်က တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး နိုင်ငံတော်ထောက်ပံ့ရေး တင်ပြတောင်းခံပြီး ကွန်ကရစ်တံတား တည်ဆောက်မည့် ကံပိုင်ချောင်းဂူးအမှတ် (၂)တံတားကို ကွင်းဆင်းစစ်ဆေးရာ တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဇော်စံက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ်တိုင်ဆောက်ရမည့် ဓာတ်အားတိုက်ကြီးများ

ရန်ပိုင်ဥက္ကာ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပခနေကျသည်မှာ လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ ထိုလူ့စွမ်းအားအရင်းအမြစ်ကို သန်စွမ်းအောင်၊ ရှင်ကျက်လာအောင် ဖြေတောင်မြောက်ပေးနိုင်သည်မှာ စာတတ်မြောက်မှုနှင့် စာဖတ်စွမ်းအားမြင့်မားမှုတို့ပင်ဖြစ်သည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ပြန့်ကြားရေးဝန်ကြီးဌာနက ကျေးရွာတိုင်းစာကြည့်တိုက် ပိုင်ဆိုင်နိုင်ရေးကို ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုအထဲမှ နမူနာကောင်းတစ်ခုကား နေပြည်တော်ခရိုင် ညောင်ပင်သာကျေးရွာရှိ ပညာအလင်းတန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖြစ်သည်။

ဤနေ့တော်ငယ်စဉ် လူငယ်ဘဝက ဤဒေသပတ်ဝန်းကျင်တွင် နေထိုင်ခဲ့ဖူးသည်ဖြစ်ရာ ဤလို စာကြည့်တိုက်မျိုး ရှိမှိုဝေး၍၊ သတင်းစာဆိုလျှင်ဖတ်ပြီး၍ ဟောင်းနွမ်းကြေမွနေသော ရက်လွန်သတင်းစာများကိုသာ ဖတ်ခဲ့ရသည်။ ကွာခြားလှသော အခြေအနေက နိုင်ငံတော်၏ မွန်မြတ်လှသောစေတနာနှင့် ပြန့်ကြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ အလျှုရှင်၏ ရက်ရောလှသောလျှာဒါန်းမှုနှင့် ရွာသား တို့၏ပူးပေါင်းပါဝင်မှုတို့ကို သက်သေပြနေတော့သည်။ အဆောက်အအုံက ကျစ်လျစ်သေချာသပ်ရပ်လှသလို နှစ်ပေါင်းများစွာ ရေရှည်တည်တံ့စေရန်အတွက် အုတ်စီ၊ သွပ်မိုးအဆောက်အအုံအဖြစ် ဆောက်လုပ်ထားပေရာ လေးစားလောက်ဖွယ်ရာ မြော်မြင်ဝေးဆဲ့ရည်မှန်းချက်ကြီးမားမှုတို့က ထင်ရှားပေါ်လွင်နေတော့သည်။

စာကြည့်တိုက်အတွင်းတွင် စာအုပ်များက ဗီရိုအပြည့်ဖြစ်သလို အမျိုးအစားကလည်း စုံလင်လှသည်။ ရက်ပေါင်းများစွာ လေလာ၍ပင် မကုန်နိုင်။ ဗဟုသုတစာအုပ်များ၊ မျက်မှောက်ကမ္ဘာ့ရေးရာနှင့် မြန်မာ့ရေးရာတို့ကို အပတ်စဉ် ဖတ်ရှုသိရှိနိုင်မည့် အသွေးအရောင်စုံ ဖတ်ရှုရှင်းစွယ် နိုင်ငံတကာသတင်းဂျာနယ်အပါအဝင် ဂျာနယ်မျိုးစုံတို့ သာမက စိတ်အပန်းဖြေရန် ခံစားမှုရသစာအုပ်များပါ စုံလင်လှသည်။ ကျန်တော်တို့လို ဧည့်သည်များအတွက် စာ၄ားနေစမလုပ်ဖြစ်သေးသော်လည်း ကျေးရွာသားများအတွက်မူ စာ၄ားကတစ်နေစ်ကို ကျပ် ၂၀၀မျှဖြင့် ဆောင်ရွက်ပေးထားပေရာ စာအုပ်တိုးပွားရေးအတွက် အားတက်ဖွယ်ရာ အစီအမံပင်ဖြစ်တော့သည်။

ထိုမှတစ်ဖန် နေပြည်တော်ခရိုင် ကျောက်ချက်ကျေးရွာသို့ရောက်ခဲ့သည်။ ကျောက်ချက်ကျေးရွာ စာကြည့်တိုက်ကား ကျေးရွာသူ ကျေးရွာသားတို့၏ဆန္ဒကို ပညာကဏ္ဍမှ ရလှုံသမျှရန်ပုံရှိ ဖြည့်ဆည်းပေးနိုင်စေတော့မည်ဟု သူတို့ ယုံကြည်နေကြသည့်အတိုင်း ဘဝမီးအိမ်ဆီသည့် ဆိုင်းဘုတ်ကို တမြတ်တစ်နိုးရေးထိုးသတ်မှတ်ခဲ့ကြပေသည်။ ၎င်ရောင်ဝင်းလက်တောက်ပပြောင်လက်သော စာကြည့်တိုက်၏ အမိုးသွပ်ပြားကဲ့သို့ တောက်ပသောအနာဂတ်သာမက ဝင်းဝါလင်းလက်သော နံရံဆေးရောင်ကဲ့သို့ အလင်းရောင်ထွန်းလင်းသော အနာဂတ်တို့က ဘဝမီးအိမ်ဟူသည့်အမည်နှင့် လိုက်ဖက်စွာ ရှေ့မှာဖြစ်လာပေလိမ့်မည်။ ကျောက်ချက်စာကြည့်တိုက်တွင်လည်း အမျိုးအစားခွဲခြားခက်လောက်အောင် မြားမြောင်လှသည်။

မြန်မာအာဒီခန်တွင် စာကြည့်တိုက်ဟူသည် ကြည့်ရှုလေ့လာရန်၊ ၎င်းရမ်းရန်စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံဟု အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။ ထို့အတူ ပညာဟူသည်လည်း ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ဟု အဓိပ္ပာယ်ဖွင့်ဆို ထားပြန်သည်။ အရာရာကို ခွဲခြားသိမြင်နိုင်ရန်အတွက် အသိဉာဏ်ရှိရမည် ဖြစ်သည်။ အရာရာဟုဆိုရာတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမှအစ အိမ်ထောင်ရေးအရေး ပါဝင်နေမည်ဖြစ်ပါသည်။

ယနေ့ကာလ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရမြင်း၏ ရည်ရွယ်ချက်လေးရပ်မှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိစေရန်၊ ကျေးလက်နေပြည်သူများ အချိန်ကုန်အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျေးလက်နေပြည်သူများ စာဖတ်ခြင်းဖြင့် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန်၊ နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် သားကောင်းသမီးများ ဖြစ်လာစေရန်တို့ ဖြစ်ပါသည်။ ထိုသို့ဖြင့် နိုင်ငံတစ်ဝန်းလုံး ကျေးရွာပေါင်း ၆၄၀၀စေ့ရွာရှိသည့်အနက် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅တိုက် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောက်ထော်ပြုပါ လုပ်ငန်းစဉ်ငါးရပ်ဖြင့် ဆောင်ရွက်လျက်ရှိပေသည်-

(၁) ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်လာစေရန် စည်းရုံးဆောင်ရွက်သွားရေး၊

(၂) ရရှိပြီးစာအုပ်၊ စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင် အသစ်များ တိုးပွားရရှိလာအောင် ဌေးဝေသာပင်စိုက်ထူဆောင်ရွက်ရေး၊

(၃) စာကြည့်တိုက်အဆောက်အအုံမကျိသေးသည့် ကျေးရွာများ၌ အဆောက်အအုံရှိလာစေရန် ဆောင်ရွက်ရေး၊

(၄) စာကြည့်တိုက်တွင် ပရိဘောဂနှင့်ပစ္စည်းများ စုံလင်ရှာရှိလာစေရန် ဆောင်ရွက်ရေး၊

(၅) ပြန့်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ ဖြစ်ပါသည်။

ယခုဖွင့်လှစ်ခဲ့ပြီးသော စာကြည့်တိုက်များထဲတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၊ ကိုယ်ပိုင်စာကြည့်တိုက်များ၊ စာသင်ကျောင်းများအတွင်း ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တွဲဖက်၍ သီးခြားရုံးခန်းဖြင့် ဖွင့်လှစ်ထားသော စာကြည့်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသော စာကြည့်တိုက်များ စသည်ဖြင့် ပြည်သူတို့စာဖတ်နိုင်ခွင့် အဖြန့်ရရှိစေရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် တည်ဆောင်ထားသော စာကြည့်တိုက်များ ပါဝင်ကြပါသည်။ ဤသည်က ဝိုင်းဝန်းဖော်ဆောင်မှစိတ်ဓာတ်ကို ပြသနေပေသည်။ ပြည်သူတို့အားဖြင့် ပေါ်ထွန်းလာသော စာကြည့်တိုက်များ ပို၍၍ခိုင်မာသည်ထက် ခိုင်မာလာစေရန်လည်း လုပ်ငန်းလမ်းညွှန်ချက်များ၍ပတ်၍ စည်းရုံးဆောင်ရွက်လျက်ရှိရာ ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များမှာ အတော်အသင့် ခိုင်မာတည်တံ့နေကြပြီဖြစ်ပါသည်။

ပညာပြည့်ဝနှံလုံးလှသော် ကိန္နကြီးငယ် ဆောင်သဖွယ်လျှင် ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာပြီးနိုင်စွာ၏ဟု အရှိရှိသည်နှင့်အညီ ပညာပြည့်ဝ၍ နှလုံးလှစေရန်အတွက် ***ပညာဘဏ်တိုက်***ဟု တင်စားခေါ်ဝေါ်သည့် စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်းတွင် ဖွင့်လှစ်နိုင်ရေး ရည်မှန်းချက်မှာ ဆောင်ရွက်အောင်မြင်နေပေပြီ။ ***မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို၊ ရာ၍မြောက် အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား ဖတ်မှန်များက၊ သားမယားပင် မိုက်များခဲ့မှာ မလိမ္မာလည်း စာမေစကား၊*** *နေ့တိုင်းကြားက ထူးခြားလိမ္မာရှိသည်သာတည့် ဟု ရှင်မဟာရဋ္ဌသာရက ဆိုထားပေရာ* ***တစ်မျိုးသားလုံး ကျန်းမာကြွှေးမြိုင်ရေးနှင့် ပညာရည်မြင့်စေးရေး***ဟုသည့် လူမှုရေးဦးတည်ချက်ကို ဖြည့်ဆည်းရာရောက်သည့် စာကြည့်တိုက်များပေါ်ထွန်းနိုင်စေတည့်ရေးတွင် မြန်မာတစ်မျိုးသားလုံးက ဝိုင်းဝန်းအားပေး၊ ထောက်ပံ့ကူညီဆောင်ရွက်ကြခြင်းဖြင့် စာပေဘဏ်တိုက်ကြီးများ ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မိပါတော့သည်။ ။*

ပညာပြည့်ဝ၍နှလုံးလှစေရန်အတွက် ပညာဘဏ်တိုက်ဟု တင်စားခေါ်ဝေါ်သည့် စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်းတွင် ဖွင့်လှစ်နိုင်ရေး ရည်မှန်းချက်မှာ ဆောင်ရွက်အောင်မြင်နေပေပြီ။

မောင်တောတွင် ပညာဘဏ်တိုက် စံပြစာကြည့်တိုက်ဖွင့် အလှူငွေနှင့် သုတရသစာအုပ်များ ပေးအပ်လှူဒါန်း

မောင်တော စက်တင်ဘာ ၁၈

မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ ပညာဘဏ်တိုက် စံပြစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၃ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်အေးထွန်းနှင့် ကြိမ်ချောင်းကျေးရွာ ဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အမေါ်ဝံ့)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်အတွက် ကြိမ်ချောင်းကျေးရွာဒေသခံပြည်သူများ စုပေါင်း၍ ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ တိုက်နယ်ဆရာဝန် ဒေါက်တာသန်းထွန်းကျော်က ဂျာနယ်မျိုးစုံ ၁၇၅ စောင်နှင့် ရန်ကုန်ဝေဘူလဆေးတိုက်မှ ဒေါက်တာထွန်းဝေတို့က သုတရသ စာအုပ်များကို အသီးသီးပေးအပ်လှူဒါန်းကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက စာကြည့်တိုက်အတွင်း စာအုပ်စာပေများ ခင်းကျင်းထားရှိမှု၊ စာပေလေ့လာဖတ်ရှုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန့်/ဆက်)**

ဘိုကလေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြင်ဒိန်ခဲနှင်းရေး အတွက် စာသင် ကျောင်းများ အတွင်း ခြင်ဆေးဖျန်း ခြင်းလုပ်ငန်းကို စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ အထက (၁) ကျောင်းအတွင်း ခြင်ဆေးဖျန်းရာသို့ အမှုဆောင်အရာရှိ ဦးကြည်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဂုဏ်ပြု စာတတ်ခွန်စာသေတ္တာပေးအပ်ပွဲနှင့် စာအုပ်ပြပွဲသရက်ဌာနျင်းပ

သရက် စက်တင်ဘာ ၁၈

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဓိဝရတုခန်းမ၌ စက်တင်ဘာ ၆ရက် မွန်းလွဲပိုင်းက စာတတ်ခွန် စာသေတ္တာပေးအပ်ပွဲနှင့် စာအုပ်ပြပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးပြည်အေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ခေါ်လှလှမြင့်က စာသေတ္တာများအကြောင်း စာသေတ္တာ ပင်အလှူရှင် ဦးသိန်းဘော် (ပညာရေး၊ ငြိမ်း)က စာအုပ်သေတ္တာများလှူဒါန်းရခြင်း အကြောင်း၊ ဦးအောင်ကျော်စိုး (ပညာရေး၊ ငြိမ်း)က စာတန်ခွန်သေတ္တာအစီအစဉ်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက်အလှူရှင် ဦးသိန်းဘော်နှင့် ဇနီးတို့က စာအုပ် ၂၀၀ စီပါ စာသေတ္တာ ၁၃၀ကျော်ကို မူလတန်းကျောင်းအုပ်များသို့ ပေးအပ်ရာ **(ယာဉ်)**သက်ဆိုင်ရာ ကျောင်းအုပ်များက လက်ခံကြသည်။

အဆိုပါ စာတန်ခွန်စာသေတ္တာ အစီအစဉ်သည် ရပ်ရွာပညာပေသောဌာန၏ လှုပ်ရှားမှုများကို တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုနိုင်ရန်နှင့် မူလတန်းကျောင်းသားများ စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်စေရေး၊ စာဖတ်ရှုနိုင်မှုတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

(ခရိုင် ပြန့်/ဆက်)

ဂဝံခင်း

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀တန့္ဆာရေးနှစ်တွင် ဆောင်ရွက်သော ထော်ဃီကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမည်ပြောင်း

ကျွဲမော့(မြို့နယ် သောင်ကြီး(၃) ရပ်ကွက်မှ ဦးသောင်းလွင်(ခ)ဦးကောက် ကွေးဝါသား အထက သောင်ကြီး တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဆန်းနိုင်မြိုး အား မောင်ခွန်းရန်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခွန်းရန်နိုင်။**

ဖခင်အမည်မှန်

ပြည်မြို့ အထက(၅) တက္ကသိုလ် ဝင်တန်း(G)မှ မခန့်ညှင်းအား ဖခင် အမည်မှန်မှာ ဦးအောင် မျိုးမြင့် ၇/ပမန(နိုင်)၁၁၈၁၁ ဖြစ်ပါသည်။

အမြန်ဝယ်လိုသည်

၁၇ဆိပ်ကမ်းမြို့နယ်၊ ကော်မူနုံ ၁၊ ၂၊ ၃ ရို့ ကော်မူနုံမြေ(ကော်ရဲ) မြေကွက် လပ် မြေနေရာများ။

(ဒိုင်ခွင်ကိုယ်တိုင်ဆက်သွယ်ရန်)

ဖုန်း-၀၉-၅၁၅-၄၈၉၈၊

၀၉-၅၀၁-၇၅၅၀။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄၏၊ မြေကွက်အမှတ် ၁၆ A ကျ၊ မြေကွက်တည်ရေထာအမှတ် ၁၈၊ ရွှေပါလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်ရှိ (ဦးအောင်ခင်၊ သခင်ဗျိုးမြင့်၊ ဦးမင်းနီး၊ ဦးဘန်းတော်၊ ဦးစောင်းမောင်ကြီး၊ ဦးသန်းတော်၊ ဘုန်းဒီသန်းနှင့် သခင်ဆုဆယ်) အမည်ပေါက်မြေပိုင်ဧရိယာအား အမည်ပေါက်ဦးအောင်ခင်၊ ခရမ်ဖူ အပိုင်ဟေစချုပ်အမှတ် ၁၁၈၅/၃၆-၂၀၀၉ မြို့ (မြေကွက်အရွေ့ ဘက်မြောက်)အား ပိုင်ဆိုင်ခွင့်ကို ဦးစံဝင်းနှင့် ဒေါ်မြသိန်းတို့နှင်းဆုတ် သားသမီးဦးဖြစ်သူ ဦးအောင်သန်း၊ ဦးလှမြင့်၊ ဦးတင်ရွှေ (လုပ်ခွင့်ကြီး ဘဝခြင့်)တို့ကွယ်လွန်သဖြင့် (၁) ဦးမြင့်အောင် ၁၂/တမန (နိုင်) ၀၃၁၄၉၉၅၊ (၂) ဒေါ်ခင်သန်းစ ၁၂/လမက(နိုင်) ၀၀၈၀၁၁၄၄ (၃) ဒေါ်တင်လှိုင် ၁၂/တမန(နိုင်)၀၃၀၉၂၇ တို့က သားနှင့်ချေးများတော်ဝင်ဝန်ကြီးဌာန ကျန်းကျိန်းလွှတ်ပြဲ၍ မြေကွက်၏ အရွေ့ဘက်ခြမ်းအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာရပ်ခံရန်၊ အရောင်းအဝယ် စာချုပ်ချုပ်ရန်၊ မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်လာသော ရာဇဝတ်ကောင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်ဆည်ပင်သာယာရေး ကော်မတီ။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျန်မာ မယမင်းရွှေ ၇/ပမန (နိုင်)၁၀၆၅၇၅ အမ ဦးခင်မောင်ရွှေနှင့် ကိုရဲထွန်းမင်း ၉/မနမ(နိုင်) ၁၁၈၂၃၃ အမ ဦးမြင့်သိန်းတို့ နှစ်ဦးသည် ၃၁-၈-၂၀၀၉ ရက်တွင် မန္တလေးခရိုင်တရားရုံး တရားသူကြီး ဦးကျော်ကျော်သန်း၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မယမင်းရွှေ

၇/မနမ(နိုင်)၁၁၆၇၇၅။

ငွေနှစ်အစုခွဲ လွှတ်ခဲ့ပြီးပြစ်ကြောင်းကြေညာချက်

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်စန်းစန်းကြည် ၁၂/တမန(နိုင်)၀၀၈၇၀၀ (ဘ)ဦးလှမိုးသည် ခွင့်မလွှတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့သဖြင့် လွှန်ခဲ့သည့်အနှစ်(၂၀)ခန့်ကပင် ကျွန်တော်နှင့် ပေါင်းသင်းဆက်ဆံခြင်းမရှိတော့ဘဲ ဇနီးအဖြစ်မှ စွန့်လွှတ်ထားပြီးဖြစ်ပါကြောင်း၊ ငွေးနှင့်ကျွန်တော်မှာ မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာပါသည်။

(စံစမ်းမေးမြန်းနိုင်ပါသည်)

ဦးမြင့်ကြည်

၁၂/တမန(နိုင်)၀၀၉၉၉၂

အမှတ် ၁၆၊ အာသောကလမ်း၊ တာမွေမြို့နယ်။



ယာဉ်မှတ်ပုံတင်စာအုပ် မီတ္ထူးလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၂၆၃၃ JIALING SUPER CUB/ MIC မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဲလဲဝင်း ၈/မဆန(နိုင်)၀၁၁၃၇၇ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မျောက်ဆုံးခဲ့ ပြီးဖြစ်၍ ပြန်လည်ထုတ်ပေးရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဦးလှသောအထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လှုပ်ယိမ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး။(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။**

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၉-၂၀၀၉ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၆)ပါ တောင်ကြီးတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း ကြော်ငြာတွင် အပိုဒ်(၇)နှင့် (ဃ)မှ ကျင်းပမည့်ရက်ကို ၈-၁၀-၂၀၀၉ရက်အစား ၈-၁၁-၂၀၀၉ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်အသိပေးကြေညာချက်

ဖားကန့်မြို့နယ်၊ ဆိုင်းဂျာဘွမ်မော်ရှိ ထွန်းနိုင်အောင်ကုမ္ပဏီလိမ်တက်မှ ဦးသန်းလွင်၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မျိုးတင်ကြည်(ခ)ကုလား (ဘ)ဦးကြည်မြင့် ၁၃/တမန(နိုင်)၀၅၉၉၃၄ သည် ထွန်းနိုင်အောင်ကုမ္ပဏီတွင် စက်ယန္တရားတပ်ဆင်အပြစ် ဆောင်ရွက်ခဲ့ရာ ကုမ္ပဏီပိုင် စက်ပစ္စည်းများနှင့် အခြားသောပစ္စည်းကို ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မိမိသဘောဖြင့်ရောင်းပြီး ငွေကြေးများကို အလွဲသုံးစားပြုလုပ်ခဲ့ပါသည်။ မျိုးတင့်ကြည်(ခ)ကုလားအား အလွဲသုံးစားပြုမှုအတွက် ၇-၉-၂၀၀၉ရက်မှစ၍ အလုပ်မှ ထုတ်ပယ်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းသည် ယခုအခါ တိမ်းရောင်နေသူတစ်ဦးဖြစ်ပြီး ကုမ္ပဏီနှင့်လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါ။ ထို့ပြင် ၎င်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များနှင့်ပတ်သက်၍လည်း ကုမ္ပဏီမှ လုံးဝတာဝန်မယူကြောင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ထွန်းနိုင်အောင်ကုမ္ပဏီလိမိတက်မှ

ဦးသန်းလွင်၏ လွဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ညွှန့် — **ရုံး-၆၆၂၂ နိုင်ငွေဝါလမ်း၊**

B.Sc(Chem)., H.G.P.,R.L — **(ခ)ရဲလွင်ကို၊ ကမ္ဘာအေး၊**

တရားရုံးချုပ်ရွှေ့ရန်နှင့် ဥပဒေအတိုင်ပင်ခံ (ရှေ့-၆၅၇၂) — **မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀-၀၁၉၁၀။**

ကန့်ကွက်နိုင်ပါသည်

ရမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘုန်းကြီးမြောင်လရပ်၊ အက္ခရာအမှတ်၂၉၊ မြေကွက်အမှတ်၆၄၊ ဦးပိုင်အမှတ် ၃၃၊ ဂုရပ်ကွက် အတွင်း၌ အထက်ပါမြေကွက်အား ဒေါ်မြသန်းမုဒိုင်ဆိုပြီး ၂၅-၅-၂၀၀၉ ရက်တွင် မောင်ဖြစ်သူ ဦးမြသောင်းအား ကလောမြို့နယ် မြေစာရင်းဦးဌာနသို့ မတ္တရာဖြင့် အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဦးမြသောင်း ကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်အား ဇနီးဖြစ်သူဒေါ်သောဘီက ဂရန်အသုံးပြုခြင်း၊ သက်တမ်းတိုး လျောက်ထားခြင်းကို ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ **ဒေါ်စောဘီ ၁၃/ကလန(နိုင်)၀၂၄၄၁။**

ခရိုင်အဆင့်(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၅

တောင်ကြီးခရိုင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၆ရက် နံနက် ၉နာရီက တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်ကြီးခရိုင် ဥက္ကဋ္ဌ ဦးခင်သန်း၊ လက်ထောက်ပြည်နယ် ပညာရေးမှူး စီမံဌာနမှူး ဦးမြင့်သိန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းနှင့် လက်ထောက်ပြည်နယ်ပညာရေးမှူး စီမံဌာနမှူး ဦးမြင့်သိန်းတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး (ဝဲပုံ) ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ တောင်ကြီးခရိုင်အတွင်းရှိ တောင်ကြီး၊ မြို့နယ်၊ ကလောမြို့နယ်၊ သောင်ရွှေမြို့နယ်၊ ဖယ်ခုံမြို့နယ်တို့မှ ပြိုင်ပွဲဝင်စုစုပေါင်း ၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကိုဆက်လက် ယှဉ်ပြိုင်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကန်ကြီးထောင့်မြို့နယ် ဒါးကမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးဌာနဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ သြဇာတ် ၃၀ရက်က ဈေးနှင့်စာသင်ကျောင်းများ၌ ခြင်ဆေးဖျန်းခြင်းလှုပ်ရှား ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် ကျန်းမာရေးမှူး ဒေါ်မြင့်မြင့်စိမ်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်များစုဆောင်း

ရပ်ဝေးကိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ချစ်ကြည်ရေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်များ စုဆောင်းထားရှိမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝန်းမောင်တို့ သြဂုတ် ၂၂ရက်က ကွင်းဆင်းကြပ်မတ်စဉ်။

(မြို့နယ်စည်ပင်)



(၅၅)ကြိမ်မြောက် သွေးလှူရှင်

ရန်ကုန် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျန်းမြို့နယ် ကျိုက်ပိုမြို့ မိုးကုတ်ပိဝိယဿနာအဖွဲ့ခွဲ အမှတ်(၅၃၀) ဘုန်းတော်ကြီးသပ်ပညာရေးကျောင်း (ကျောင်းဆရာ၀်)တွင်းကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ(ကျိုက်ပိ)သည် စက်တင်ဘာ ၁၅ရက်က ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် (၅၅)ကြိမ်မြောက် သွေးလှူဘန်းကြောင်း သိရသည်။ ***(သတင်းစဉ်)***

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်တရားမရုံး၌

၂၀၀၉ ခုနှစ် တရားမအသေးအဖွဲမှုအမှတ်-၈၂

ကွယ်လွန်သူ ဦးဂါယာရာဆပ်(ခ)ဘီခိုခါမာ၌ ကျန်ရှိရစ်သော ပစ္စည်း အကြောင်း။

ဒေါ်ဆိုနာမသီ — **လျှောက်သူ**

အမှတ်(ကန-၆၁၅)၊ ဒေါနလမ်း၊ ကွင်းနောက်ရပ်ကွက်၊ ကျောက်တံခါး မြို့နယ်၊ ပဲခူးတိုင်းဒေ ဒေါ်ဆိုနာမသီက ကွယ်လွန်သူ ဦးဂါယာရာဆပ်(ခ) ဘီခိုခါမာ၏ တရားဝင်ခနီး ဖြစ်သည်ဟူ၍၊ အမှတ် ၅၂၄/က၊ အောင်သမြေ(၁) လမ်း၊ ကြီးပွားရေးရပ်ကွက်၊ သယ်ခန်းကျွန်းမြို့နယ်ရေ ၄င်းကွယ်လွန်သူ ဦးဂါယာရာဆပ်(ခ)ဘီခိုခါမာမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရုရန်ရှိသော ငြေးမြေများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ပဥပဒေအရ လက်မှတ်စာရင်းကြောင်း ဤရုံးဦး လျောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူငှာသိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးဂါယာရာဆပ် (ခ)ဘီခိုခါမာမှာ ကျန်ရစ်သောပစ္စည်း များအပေါ်၌ ရရန်ရှိသူလူဟူသမျှကိုသည် ဤရုံးသို့ ၂၀၀၉ခုနှစ် အောက်တိုဘာ ၉ရက် (၁၃၇၁ခုနှစ် သီတင်းကျွတ်လပြည့်နေ့)ဘုန်းဂြိုလ် ၆ရက်)တွင် လာရောက်ကြရမည်။ ၄င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ဆိုနာမသီ၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို ဆင်ခြင်ကဲဖြတ်လိမ့်မည်။

၂၀၀၉ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သင်းသင်းဆောင် (တ/၁၈၈၅)

ဒုတိယမဂျိစ်တရာတူးကြီး(၃)

ခရိုင်တရားရုံး

ရန်ကုန်အရှေ့ပိုင်းခရိုင်။

ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်းမြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၁၈)၊ မြေကွက်အမှတ်၁၅(ဘီ)ရေ ဒေါ်ကြည် ၁၂/ကမတ(နိုင်)၀၄၆၀၃၅၅၏ လွဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၆ F$^{\frac{1}{2}}$ မြေကွက်အမှတ်(၁၅)မြေစိုးယာ $\frac{\text{၂၆-၀၆}}{\text{၁၅}}$ ×၅၀၊ (၀၁၁မမ၃၃)ကရ် သရက်တော(တောင်) ရပ်ကွက် ကမ်းနားလမ်း၊ အထောက်အကူအမှတ်(၄၁၈)တည်ရှိသော မြေကွက်သည် မြို့နယ်နှင်းဆီမိမိ ဖွံ့ဖြိုးရေးဦးစီးဌာန မြို့ပြမြေစာရင်းတွင် R-M Kupu Swan Chettyar အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ မြို့ပွားနှင်းဆီဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆိုပါ မြေကွက်ကို ၁၃-၁၁-၁၉၆၆ခုနှစ်တွင် အမှတ္တမအမှတ်(၂၄၈)တည်ခိုးသောမြေကွက်သည် မြို့ပွားနှင်းဆီမိမိ မြေပေါ်ရေထိုင်သူများကို ကျူးလွန်ခြင်းအမည်ဖြင့် (က) မြေကွက်အမှတ် (၁၅-A) ဧကလက်မှဲနီး(ခ)မြေကွက်အမှတ်(၁၅-B)ရှိကိုယာဆူး၌ဦးလွေသောင်း (ဂ)မြေကွက်အမှတ် (၁၅-C)ကရမူများစောဝါအမည်များဖြင့် အသီးသီးသတ်မှတ်ထားသည့်မြေကွက်ဖြစ်ပါသည်။ မြေကွက်အမှတ်(၁၅-B)တွင်ရေထိုင်ခွင့်ရှုခဲသည့် ဦးလွေသောင်းမှာ ၁၁-၈-၁၉၉၃ ရက်က ကွယ်လွန်သွားရာ ဇနီးဖြစ်သူ ဒေါ်ကြည်မှ ယခုတိုင် လက်ရှိတရားဝင်ရေထိုင်လျက် ရှိပါသည်။ ထို့ကြောင့် ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ရှင်းလန်းဆိုင်ရာအသီးသီးတို့တွင် ပိုင်ဆိုင်သူအဖြစ် လျှောက်ထားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တန်ဆိုး နှုတ်ခြင့် ပွဲမြောင်းခြင်းများမပြုလုပ်ရန် သက်ဆိုင်သူနှင့် အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။ ၄-၉-၂၀၀၉ရက်နှစ် မြန်မာ့အလင်းသတင်းစာပါ မြေတစ်ကွက် လုံးအား ဒေါ်တင်အေး တန်ဒီးတည်ရှိပိုင်ဆိုင်ခဲ့ပါသည်ဟု ကြေညာခဲ့ခြင်းမှာ လုံးဝမှန်ကန်မှု မရှိပါ။ ယခုကြေညာချက်ပါသည့်ရက်မှစ၍ အဆိုပါ ကြော်ငြာစာကို ခုနစ်ကြိမ်အထိ ဆက်လက်၍ ကြော်ငြာသွားခဲ့ပြီးမှ ယခုမှသာ ဤကဲ့သို့ ကြော်ငြာခြင်းမှာ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်မာလာ (LL.B) ဆထက်တန်းရှေ့နေ (စဉ်-၁၀၈၃၇)

တိုက ၅၊ အခန်း ၀၀၈၊ အေးရိပ်မှန် ၉ လမ်း (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊

ဖုန်း-၀၉-၅၁၈-၁၈၅၀။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်မှ မူးယစ်ဆေးပြားများနှင့် မူးယစ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးဝါးပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမူးယစ်အဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲခန့်တွင် လောက်ကိုင်မြို့နယ် မန်းခါးကျေးရွာရှိ ဖုန်လူဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အက်စစ်တစ်အက်စစ် ၅၀၀ မီလီလီတာဝင် ပုလင်းအလုံး ၉၀၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၂၅၀၀ မီလီလီတာဝင်ပုလင်း ၄၂ လုံး၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ဂါလန် ၁၅၀၊ ဆာလဖြူရစ် အက်စစ် ၅၀၀ မီလီလီတာဝင်ပုလင်း ၃၂၀၊ အီဆာဓာတုဆေးရည် ၁၅ ဂါလန်၊ အက်စစ်တစ်အင်ဟိုက်ဒရိုက်ငါးဂါလန်၊ ဆိုဒီယမ်အယ်လ်စီတိတ် ၅၀၀ ဂရမ်ပါ ပလတ်စတစ်ဘူး ၁၀ ဘူး၊ အယ်လ်စီတုံးဓာတုဆေးရည် ဂါလန် ၅၀၀၊ အီသိုင်းအယ်လ်ကိုဟော ဂါလန် ၄၈၀၊ အက်ဖီဒရင်း အမှုန့် ၅၀ ကီလိုဂရမ်၊ အရိုးမီးသွေးမှုန့် ၅၀ ကီလိုဂရမ်၊ အောက်ခြေပြားဖန်ပေါင်းချောင်ခြောက်ခု၊ ကြွေကတော့ငါးခု၊ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ဆလင်ဒါအိုး ၆၆ လုံး၊ ဂက်စ်အိုးခုနစ်လုံး၊ ဆေးပြားမွေ စတီးအိုး ၁၀လုံး၊ ၁၁၅ ကီလိုပ်လျှပ်စစ်မော်တာသုံးလုံး၊ ဆေးပြားမွေစင်သုံးစင်၊ တစ်ကီလို၀ပ် ရေစုပ်မော်တာငါးလုံးနှင့် ထော်လာဂျီတစ်စီးတို့ကို သိမ်းဆည်းရမိသည်။

စာမျက်နှာ ၇ ကော်လံ ၃ ■

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်မှ သိမ်းဆည်းရမိသော မူးယစ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)